ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 19 May 2021 ၁၀၃၇၈

# မီးရထားစက်ခေါင်းများနှင့် လူစီးတွဲ၊ ကုန်တင်တွဲများအား ပြည်တွင်းဖြစ်တည်ဆောက်နိုင်ရေး လေ့လာဆောင်ရွက်ကြိုးပမ်းနေရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)၌ ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**



ကြေးမုံ

# အသိပညာဆင်ခြင်ဉာဏ်ဖြင့် အဖျက်လုပ်ရပ်ရှောင်ရှား

အသိပညာဗဟုသုတရှိ၏။ ဝေဖန်ပိုင်းခြား ဆင်ခြင်တုံတရားရှိ၏။ တွေးခေါ်မြော်မြင်မှုမြင့်မား၏။ ထိုလောက၊ ထိုပတ်ဝန်းကျင်သည် ဧကန်ကြီးပွားချမ်းသာမှုကို ဖြစ်စေ၏။ အသိပညာဗဟုသုတ နည်းပါး၏။ ဆင်ခြင်တုံတရား ပါးလျား၏။ တွေးခေါ်မြော်မြင်မှုနိမ့်ပါး၏။ ရိုးသားဖြောင့်မတ်ခြင်းမရှိ။ ထိုလောကသည် ကြီးပွားချမ်းသာ၊ ငြိမ်းအေးမှုတို့ဆိတ်သုဉ်းပြီး ကြီးပွားလျှင်လည်း မတည်တံ့၊ ဘေးအန္တရာယ်များ၊ အခက်အခဲများ အလွယ်တကူကျရောက်နိုင်၏။

အဓိကမှာ လူ့ဘောင်လောကတွင် တွေးခေါ်မြော်မြင်မှုနှင့်ဆင်ခြင်တုံတရား တိုးပွားအောင် ကြိုးပမ်းအားထုတ်သင့်၏။ မြတ်စွာဘုရားရှင်သည် ကာလာမ အမျိုးသားတို့အား လောကလူ့ဘောင် ငြိမ်းချမ်းသာယာတိုးတက်ချမ်းသာရေး ဆင်ခြင်ပွားများအပ်သည့်တရားများကို ဟောကြားခဲ့သည်။ လောကတွင် ဆင်ခြင်တုံတရား ခေါင်းပါးပြီး အမှားအမှန်မခွဲခြားနိုင်သော မောဟအမှောင်တို့ အလွယ်တကူ ဖုံးလွှမ်းတတ်သည့်အပြင် ဆရာမှား၊ ဝါဒမှားသောကြောင့် အမှားသံသရာတွင် ကျင်လည်နေကြသည်ကို မြတ်စွာဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့သည်။

နိုင်ငံအတွင်း ပညာတတ်များ ပေါများလှပါသည်။ ပညာတတ်တိုင်းလည်း အသိဉာဏ်ပညာ ဆင်ခြင်တုံတရားနှင့်မသက်ဆိုင်ပေ။ ထိုအချက်ကို ယနေ့ကာလ ဒုက္ခအခက်အခဲများက သက်သေပြလျက်ရှိသည်။ ပညာတတ်သော ဆရာကြီးများသည်ပင် "ပညာရှိ သတိဖြစ်ခဲ" ဆိုသကဲ့သို့ မောဟအမှောင်ဖုံးနေသောအခါ အမှား/အမှန်ခွဲခြား မှန်မှန်ကန်ကန် စိစစ်နိုင်စွမ်းမရှိပေ။ မြန်မာတို့၏ ပင်ကိုစိတ်ရင်းမှာ အယုံလွယ်သည်ဟုဆိုလျှင် ငြင်းဆိုဖွယ် ရှိမည်မဟုတ်ပေ။ အယုံလွယ်သောကြောင့်လည်း ဒုက္ခအခက်အခဲများကြုံတွေ့ကြရသည်သာမက အဆိုးသံသရာလည်နေကြရသည်။

ယနေ့ကာလတွင် နိုင်ငံ၏အခြေအနေကို မှန်မှန်ကန်ကန် ရှုမြင်တတ်ဖို့ လိုအပ်ပေသည်။ သာမန်အားဖြင့် ယင်းအချက်ကို မရှုမြင်တတ်ပါလျှင် အဆိုးသံသရာတွင်လည်နေကြရမည်။ ယနေ့ကာလသည် နိုင်ငံရေးလှုပ်ရှားနေသည် မဟုတ်ပေ။ အကြမ်းဖက်အဖျက်လုပ်ရပ်များ ကြီးထွားနေသောကာလဖြစ်သည်။ အဖျက်လုပ်ရပ်သည် ပညာတတ်သူများ၊ အသိဉာဏ်ဆင်ခြင်တုံတရား မြင့်မားသူများ လုပ်ကိုင်သော အလုပ်မဟုတ်။ အဖျက်လုပ်ရပ်သည် အသိဉာဏ်ဆင်ခြင်တုံတရားမရှိသည့် ဒုစရိုက်သမားများ၊ အစွန်းရောက်သမားများ လုပ်ကိုင်ကြသောအလုပ် ဖြစ်သည်။

နိုင်ငံရေးသမားသည်ပင် မျှော်မှန်းသည့်အတိုင်း ဖြစ်မလာသောအခါ မောဟအမှောင်ဖုံး၍ အစွန်းရောက်နိုင်ငံရေးသမားဘဝ ခံယူကြသည်ကို မြန်မာ့နိုင်ငံရေးသမိုင်းတွင် တွေ့ရပေမည်။ အစွန်းရောက်နိုင်ငံရေးသမားသည် အချိန်မီအမြင်မှန်ရပါမှ ဥပဒေဘောင်အတွင်း၌ ငြိမ်းချမ်းစွာ နေထိုင်နိုင်မည်။ အမှားကို မမြင်ဘဲ အမှောင်ထဲတွင် ဆက်တိုးနေပါက အမှောင်ထဲတွင်ပင် ဘဝနိဂုံးအဆုံးသတ်ကြရမည်။ အစွန်းရောက်နိုင်ငံရေးသမားများ၊ မဟုတ်မမှန်လုပ်ကြံဖျက်ဆီးသူများ၏ သွေးထိုးလှုံ့ဆော်ပေးမှုများကြောင့် ပညာတတ်များသည်ပင် လမ်းမှားသို့ရောက်ကြရသည်။ အချိန်မီ ဆင်ခြင်ဉာဏ်ဖြင့် လမ်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိသင့်ပါသည်။

အကြမ်းဖက်လုပ်ရပ်များမှာ အစွန်းရောက်သမားများ၊ လူဆိုးလူမိုက်များ လုပ်ဆောင်လေ့ရှိသည့်အလုပ် ဖြစ်သည်။ မိမိတို့၏ စိတ်ခံစားချက် မည်သို့ရှိသည်ဖြစ်စေ လူဆိုးလူမိုက်များ၊ အကြမ်းဖက်သမားများ၏အလုပ်တွင် မပါဝင်မိဖို့၊ အားမပေးမိဖို့၊ မကူညီမိဖို့လိုအပ်ပေသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃)အရ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်မှုတို့သည် အကြမ်းဖက်မှုများတွင် အကျုံးဝင်လျက်ရှိသည်။

ထို့အပြင် အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်အား ဖမ်းဆီး၍ အရေးယူခြင်း မပြုနိုင်စေရန်ဖြစ်စေ၊ လွတ်မြောက်စေရန်အတွက်ဖြစ်စေ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့်ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်း၊ ၎င်းအဖွဲ့ဝင်များအား အဆောက်အအုံနှင့်နေရာ တစ်ခုခုအသုံးပြုခွင့်ပေးခြင်း၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ပေးရန်ပြုလုပ်ခြင်း၊ ၎င်းတို့အသုံးပြုရန် ရည်ရွယ်၍ဖြစ်စေ၊ အသုံးပြုမည်ဟု သိလျက်နှင့်ဖြစ်စေ ငွေကြေးကောက်ခံခြင်း၊ လက်ခံခြင်း၊ ထောက်ပံ့ခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ကူညီခြင်း၊ လက်ဝယ်ထားခြင်း၊ အားပေးခြင်း၊ လှုံ့ဆော်ခြင်း စသည်တို့ကို ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေများနှင့်ငြိစွန်းပြီး အရေးယူအပြစ်ပေးခြင်း ခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ကာလတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးလှုပ်ရှားနေသည့် အခြေအနေမရှိဘဲ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေကြသည်ကိုတွေ့ရ၍ အသိဉာဏ်ရှိသောပြည်သူများ၊ ပညာတတ်သော ပြည်သူများက အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ခြင်း၊ အားပေးခြင်း၊ ကူညီခြင်း မပြုလုပ်ကြပါရန် သတိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲမှတ်တမ်းစာအုပ် ထွက်ရှိ

**နေပြည်တော် မေ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလအတွင်း ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ အမှတ်စဉ် (၁) မှ (၄) အထိကို စုစည်း၍ သတင်းစာရှင်းလင်းပွဲမှတ်တမ်းစာအုပ်အား ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာအဖွဲ့အစည်းများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက အခမဲ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ Webportal ဖြစ်သော www.moi.gov.mm တို့တွင် လေ့လာဖတ်ရှုနိုင်ကြသည်။

**သတင်းစဉ်**




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၈ - ၅ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၁၀၀ | ၈ | ၇၂,၃၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၅,၅၆၄ | ၁၉,၄၇၄,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၁၃ | ၃၅,၇၅၀ |
| EFR | ၂,၈၀၀ | ၃,၀၅၀ | ၂၅၃ | ၇၂၈,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၁၈**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၆၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၃၄.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၉.၂၂ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၉၅၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၀၃.၆၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၈၀၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၈.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၅၂.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၂၉.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၄၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ


**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





❑ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ပြုပြင်နိုင်ခဲ့သော လုပ်ငန်းစွမ်းဆောင်မှု အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| ဘဏ္ဍာနှစ် | လူစီးတွဲ(အကြီးတန်း) | ကုန်တွဲ(အကြီးတန်း) |
|---|---|---|
| ၂၀၁၁-၂၀၁၂ | ၅၇၅ တွဲ | ၇၂၀ တွဲ |
| ၂၀၁၂-၂၀၁၃ | ၅၃၆ တွဲ | ၆၆၇ တွဲ |
| ၂၀၁၃-၂၀၁၄ | ၄၉၁ တွဲ | ၆၄၁ တွဲ |
| ၂၀၁၄-၂၀၁၅ | ၄၇၁ တွဲ | ၆၆၁ တွဲ |
| ၂၀၁၅-၂၀၁၆ | ၄၈၀ တွဲ | ၆၆၇ တွဲ |
| ၂၀၁၆-၂၀၁၇ | ၄၈၀ တွဲ | ၆၆၅ တွဲ |
| ၂၀၁၇-၂၀၁၈ | ၄၈၀ တွဲ | ၆၅၈ တွဲ |
| ၂၀၁၈-၂၀၁၉ (၆ လ) | ၂၁၇ တွဲ | ၃၆၃ တွဲ |
| ၂၀၁၈-၂၀၁၉ | ၄၃၆ တွဲ | ၇၃၁ တွဲ |
| ၂၀၁၉-၂၀၂၀ | ၄၃၂ တွဲ | ၆၆၈ တွဲ |
| စုစုပေါင်း | ၄၅၉၈ တွဲ | ၆၄၄၁ တွဲ |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မီးရထားလူစီးတွဲနှင့် ကုန်တွဲအသစ်တည်ဆောက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြစဉ်။

❂ ရှေ့ဖုံးမှ

အမရပူရရှိပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းတို့က ဝန်ကြီးဌာန၏ နောက်ခံသမိုင်းအကျဉ်း၊ မြန်မာ့မီးရထား၏ လုပ်ငန်းတာဝန်များ၊ စက်ရုံများနှင့် ဌာနများအလိုက် ဝန်ထမ်းများ ခန့်အပ်ထားမှုအခြေအနေများ၊ နိုင်ငံတစ်ဝန်း မီးရထားများ ပြေးဆွဲနေမှုအခြေအနေများနှင့် တိုးချဲ့ပြေးဆွဲမည့် အခြေအနေများ၊ မီးရထားလူစီးတွဲနှင့် ကုန်တွဲအသစ်များ တည်ဆောက်ခဲ့မှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများ၊ စက်ခေါင်းများ ပြုပြင်ထိန်းသိမ်းမှုနှင့် မီးရထားလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား Power Point ဖြင့် အသီးသီးရှင်းလင်းတင်ပြကြသည်။

**နှစ်ပေါင်း ၁၄၀ သက်တမ်းရှိပြီ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံ၏ ပို့ဆောင်ရေးလုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအား များစွာအထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေး စနစ်ပင်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားသည် နှစ်ပေါင်း ၁၄၀ သက်တမ်းရှိပြီဖြစ်သဖြင့် အရှေ့တောင်အာရှနိုင်ငံများ၌ အိန္ဒိယနိုင်ငံပြီးလျှင် ဒုတိယသက်တမ်းအရင့်ဆုံးဖြစ်သောကြောင့် ရထားပို့ဆောင်ရေးနှင့်ပတ်သက်၍ များစွာအတွေ့အကြုံရှိပြီးဖြစ်ကြောင်း၊ မီးရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် အဓိကဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ လမ်းတစ်ခုချင်းအလိုက် တိုင်းတာစစ်ဆေးရန်လိုကြောင်း၊ မီးရထားလမ်းများ ကောင်းမွန်ခြင်းမရှိပါက ရထားတွဲများ ပျက်စီးစေပြီး ခရီးသွားလာမှုကို ကြန့်ကြာမှုဖြစ်ပေါ်စေသဖြင့် လမ်းများကောင်းမွန်စေရေး ရထားလမ်းများအား ထိန်းသိမ်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာ၍ ရေရှည်အတွက် ဦးစားပေးစဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ လက်ရှိပြေးဆွဲနေသည့် မီးရထားများ တစ်နာရီလျှင် အနည်းဆုံး ကီလိုမီတာ ၁၀၀ အထိ ခုတ်မောင်းပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာ့မီးရထားအထူးတွဲဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်ဘူတာမှ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရွာထောင်ဘူတာအထိ လိုက်ပါစီးနင်းကြစဉ်။

**အကျိုးဖြစ်ထွန်းစေမည်**

မီးရထားလမ်း ကွန်ရက်များနှင့်အတူ ဆက်သွယ်ရေးကွန်ရက်တစ်ခုကို ထည့်သွင်းတည်ဆောက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မီးရထားစက်ခေါင်းများနှင့် တွဲများပြုပြင်ထိန်းသိမ်းခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများ၊ မီးရထားလမ်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်တွင်းမှ အင်ဂျင်နီယာပညာရှင်များကို အဓိကအသုံးပြုဆောင်ရွက်၍ နည်းပညာများ တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မီးရထားစက်ခေါင်းများနှင့် လူစီးတွဲ၊ ကုန်တင်တွဲများအား ပြည်တွင်းဖြစ်တည်ဆောက်နိုင်ရေး သုတေသနပြု၍ နည်းပညာများ လေ့လာဆောင်ရွက်ကြိုးပမ်းနေရန်လိုကြောင်း၊ ရထားတွဲများတည်ဆောက်ရာတွင် လျှပ်စစ်ရထားအထိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး အနာဂတ်အတွက် ကြိုတင်စဉ်းစားဆောင်ရွက်နေရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်မှ ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မီးရထားခရီးစဉ်များ ပြေးဆွဲရာတွင် ခရီးသည်များ အဆင်ပြေစွာ ခရီးသွားရောက်နိုင်ရေးအတွက် ရောက်ရှိထွက်ခွာမှုများ အချိန်မှန်ရေးနှင့် မီးရထားလမ်းတစ်လျှောက်နှင့် မီးရထားယာဉ်ဝင်းများတွင် သန့်ရှင်းမှုရှိစေရေး အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ မြန်မာ့မီးရထားဝန်ဆောင်မှုလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် မီးရထားပိုင်မြေများအား အကျိုးရှိစွာ အသုံးချနိုင်ရေး ဖော်ထုတ်ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ လူစီးတွဲသစ်စက်ရုံအတွင်း လူစီးတွဲများတည်ဆောက်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ ကျက်သရေဆောင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော်　မေ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များနှင့်အတူ မန္တလေးမြို့ ကျက်သရေဆောင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် ဥဒ္ဒေသည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်း ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညိုစဉ်။

## ဖူးမြော်ကြည်ညို

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်သို့ သွားရောက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား သွားရောက် ဖူးမြော်ကြည်ညိုသည်။

## ရေစက်သွန်းချ အမျှပေးဝေ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားကြီးအတွင်း တိုင်လုံးတော်များနှင့် မျက်နှာကြက်များ မွမ်းမံထားရှိမှုအခြေအနေများ၊ ကြေးရုပ်ပြတိုက်နှင့် သမိုင်းပန်းချီပြခန်းတို့အတွင်း လိုက်လံကြည့်ရှု၍ ရှေးဟောင်းသမိုင်းဝင် လက်ရာများအား စနစ်တကျထိန်းသိမ်းထားရှိရေး၊ ပေရွက်များဖြင့် ရေးသားထားရှိသည့် ပိဋကတ်သုံးပုံအပါအဝင် အခြားဗုဒ္ဓဝင်မှတ်တမ်းများသည် အလွန်တန်ဖိုးရှိသည့် သမိုင်းလက်ရာများဖြစ်သဖြင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည်ဖြစ်ပြီး မိတ္တူပြန်လည်ကူးယူ၍ အကြောင်းအရာအလိုက် Program ရေးဆွဲကာ စနစ်တကျ သိမ်းဆည်းထိန်းသိမ်းနိုင်စေရေး၊ အများပြည်သူဖတ်ရှုလေ့လာနိုင်စေရန် ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းမှတ်ရာများကို ရေးသားဖော်ပြရာတွင် မြန်မာစာရေးထုံးသတ်ပုံများ မှန်ကန်မှုရှိစေရေး ဂရုပြုရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သမိုင်းပန်းချီပြခန်းတွင် ပေရွက်များဖြင့် ရေးသားထားရှိသည့် ပိဋကတ်သုံးပုံအပါအဝင် အခြားဗုဒ္ဓဝင်မှတ်တမ်းများအား ကြည့်ရှုစဉ်။

❒ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လူစီးတွဲသစ်စက်ရုံအတွင်း လူစီးတွဲများတည်ဆောက်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထားအထူးတွဲဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်ဘူတာမှ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရွာထောင်ဘူတာအထိ လိုက်ပါစီးနင်းခဲ့ကြသည်။

အဆိုပါ မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)အား ၁၉၇၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၄၇ ခုနှစ်တွင် တွဲတည်ဆောက်ခြင်းများအား စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါစက်ရုံတွင် စက်ခေါင်းများနှင့် လူစီးတွဲ၊ ကုန်တင်တွဲများကို အကြီးစားပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်မှစ၍ လူစီးတွဲသစ်စက်ရုံမှ လေအိတ်ဘိုဂီတွဲများ တည်ဆောက်ထုတ်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းပြည်အတွက် မဖြစ်သင့်သည်များကိုမဖြစ်အောင် ကာကွယ်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်နေခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

❖ **မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်း ဖြေရှင်းမရသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို ဒီမိုကရေစီနည်းလမ်းနှင့် ညီညွတ်မှုမရှိဘဲ အတင်းအဓမ္မရယူရန် ကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီသမ္မတ၏ လွှဲအပ်ချက်အရ နိုင်ငံတော်၏တာဝန်များကို ထိန်းသိမ်းဆောင်ရွက်နေရခြင်းဖြစ်**

**နေပြည်တော် မေ ၁၈**

တပ်မတော်အနေဖြင့် ပြည်သူကရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်ခိုင်မာမာဖြစ်စေရန် နိုင်ငံတော်၏တာဝန်များကို ဥပဒေနှင့်အညီ ခေတ္တတာဝန်ယူ ထမ်းဆောင်နေခြင်းဖြစ်သဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်အတွက် မဖြစ်သင့်တာမဖြစ်ရအောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မသင်္ကာဖွယ်မဲစာရင်းများနှင့် ပတ်သက်၍ တပ်မတော်မှ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်းဖြေရှင်းမရသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို ဒီမိုကရေစီနည်းလမ်းနှင့် ညီညွတ်မှုမရှိဘဲ အတင်းအဓမ္မရယူရန် ကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီသမ္မတ၏ လွှဲအပ်ချက်အရ နိုင်ငံတော်၏တာဝန်များကို ထိန်းသိမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်ကြောင်းကို မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားခဲ့ကြောင်း။

**ပထမဦးစားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ **စာမျက်နှာ ၆ သို့** ❐




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး လက်ခံယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့်ကလေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံယူစဉ်။

# နိုင်ငံကောင်းကျိုးအတွက် အဓိကထား ဆောင်ရွက်

**အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားနည်းချက်များနှင့် နိုင်ငံရေးဆိုင်ရာ ထိုးနှက်ချက်များကြောင့် အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်ပြီး CDM တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအနေဖြင့်လည်း သက်ဆိုင်ရာကျောင်းများသို့ ဆက်သွယ်သတင်းပို့စေလိုကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ဆရာ ဆရာမများ လိုအပ်ချက်ရှိပါက ဖြည့်တင်းနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံကောင်းကျိုးအတွက် အဓိကထား ဆောင်ရွက်ကြရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၀/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❒ စာမျက်နှာ ၅ မှ
စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကြောင်း၊ COVID-19 ရောဂါကာကွယ်တားဆီးရေးဆိုင်ရာများနှင့် ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

### နှောင့်ယှက်ဖျက်ဆီးလျက်ရှိ

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေများအရ ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာပြီဖြစ်သည့်အတွက် ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန် အခြေအနေများရှိနေပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသော်လည်း အချို့သောမသမာသူများက စာသင်ကျောင်းများအား မီးရှို့ခြင်း၊ ဗုံးခွဲခြင်း၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းမတက်နိုင်စေရန် ခြိမ်းခြောက်ခြင်းတို့ဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိကြောင်း၊ စာပေသင်ကြားနိုင်ရန် စီစဉ်နေခြင်းသည် တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ် ကလေးများအားလုံး စာပေသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းသာဖြစ်သဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေမှုများသည် စိတ်ဓာတ်မကောင်းမွန်သည့် လုပ်ရပ်များဖြစ်သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူလူထုအတွက် စာပေသင်ကြားပေးရန်နှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်တိုးတက်ရေး မလိုလားသူတို့၏ သွေးထိုးစကားများအရ CDM လှုပ်ရှားမှုများကြောင့် အချို့သော ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တာဝန်ဝတ္တရားနှင့် တစ်ဦးချင်း၏ စိတ်ခံစားချက်များကို ခွဲခြားရမည်ဖြစ်ပြီး ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

### လုပ်ငန်းခွင်ပျက်ကွက်နေ

တပ်မတော်ဆေးတပ်ဖွဲ့ဝင်များအနေဖြင့် CDM လှုပ်ရှားမှုများကြောင့် လိုအပ်နေသည့်နေရာများတွင် ဆေးဝါး ကုသမှုများကို သွားရောက်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၄ နှစ်ဖြစ်ပြီး အသက် ၅ နှစ်မတိုင်မီ သေဆုံးမှုနှုန်း မြင့်မားနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် ကျန်းမာရေးဝန်ထမ်းများ အထူးလိုအပ်နေချိန်တွင် ဝန်ထမ်းအချို့အနေဖြင့် လုပ်ငန်းခွင်ပျက်ကွက်နေခြင်းသည် ဆေးဝန်ထမ်းတို့၏ ကျင့်ဝတ်ကို ဖောက်ဖျက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့တွင် မြှင့်တင်ဆောင်ရွက်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများ များစွာလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သားများအနေဖြင့် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို သိရှိနားလည်ရမည်ဖြစ်ပြီး တပ်မတော်၏ ဥပဒေအရလုပ်ဆောင်နေမှုများတွင် ပေးအပ်လာသည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိတပ်အပေါ်သစ္စာရှိရန်၊ တပ်မတော်အပေါ် သစ္စာရှိရန်နှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကာ တိုင်းပြည်ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူပြည်သားများ မဖြစ်သင့် မဖြစ်ထိုက်သည်ကို ကာကွယ်ပေးခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်ခြင်းပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန် လိုအပ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးရရှိအောင် တပ်မတော်အနေဖြင့် အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

### ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ် မိခင်နှင့် ကလေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ရှေးဟောင်းအမွေအနှစ်နယ်မြေဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော် ပရိဝုဏ်အတွင်းရှိ အမြောက်ပြတိုက်၊ မင်းတုန်းမင်းအုတ်ဂူ၊ ဒင်္ဂါးသွန်းစက်ရုံနှင့် မြနန်းစံကျော်ရွှေနန်းတော်ကြီးတို့သို့ သွားရောက်ကြည့်ရှုကြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

### မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မင်းတုန်းမင်းအုတ်ဂူတွင် ဆိုင်းဘုတ်များ စနစ်တကျရှိစေရေး၊ ဒင်္ဂါးသွန်းစက်ရုံအား ယခင်စက်ရုံလည်ပတ်စဉ်က ဆောင်ရွက်ခဲ့သည့် ရှေးလက်ရာအတိုင်း ပြန်လည်ပြုပြင် မွမ်းမံထိန်းသိမ်းဆောင်ရွက်ရေးနှင့် ရှေးမူလက်ရာများ မပျောက်ပျက်အောင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရွှေနန်းတော်ကြီး အဆောက်အအုံများ ရေရှည်တည်တံ့စေရေး စနစ်တကျ ထိန်းသိမ်းပြုပြင်ရန်တို့အတွက် လိုအပ်သည်များ မှာကြားခဲ့သည်။

မြနန်းစံကျော်ရွှေနန်းတော် ပရိဝုဏ်အတွင်း၌ အမြောက်ပြတိုက်ကို ရှေးဟောင်းအမွေအနှစ်သမိုင်းဝင်အမြောက်များအား တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း အများပြည်သူများ လေ့လာနိုင်စေရန်ရည်ရွယ်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်အချက်အရ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အမြောက်ပြတိုက်အတွင်း ရှေးဟောင်းအမြောက်အလက် ၃၀ နှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျ ခင်းကျင်းပြသထားရှိပြီး တပ်မတော်မှ ငွေကျပ်သိန်းပေါင်း ၃၅၀၀ ကျော်အကုန်အကျခံ ဆောက်လုပ်ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖွင့်ပွဲနေ့တွင်ပင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- ❖ **မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၄ နှစ်ဖြစ်ပြီး အသက် ၅ နှစ်မတိုင်မီ သေဆုံးမှုနှုန်းမြင့်မားနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် ကျန်းမာရေးဝန်ထမ်းများ အထူးလိုအပ်နေချိန်တွင် ဝန်ထမ်းအချို့အနေဖြင့် လုပ်ငန်းခွင်ပျက်ကွက်နေခြင်းသည် ဆေးဝန်ထမ်းတို့၏ ကျင့်ဝတ်ကို ဖောက်ဖျက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့တွင် မြှင့်တင်ဆောင်ရွက်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများ များစွာလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်**
- ❖ **မိမိတို့တပ်မတော်သားများအနေဖြင့် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို သိရှိနားလည်ရမည်ဖြစ်ပြီး တပ်မတော်၏ ဥပဒေအရ လုပ်ဆောင်နေမှုများတွင် ပေးအပ်လာသည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိတပ်အပေါ် သစ္စာရှိရန်၊ တပ်မတော်အပေါ် သစ္စာရှိရန်နှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကာ တိုင်းပြည်ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်ကြရမည်ဖြစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှင့် ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်လျက်ရှိသော ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်းနှင့် စာရေးဝန်ထမ်း သင်တန်းများ၏ သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုသည်။



### လှည့်လည်စစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြ ဆရာဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များနှင့် သင်တန်းသား သင်တန်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သို့ ရောက်ရှိပြီး နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ စာသင်ခန်းအတွင်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ သင်ကြားနေမှုအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံပြီး အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### မှာကြား

ပြည်ထောင်စုဝန်ကြီးသည် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ကျန်းမာရေးကို ထိခိုက်စေသည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ရှောင်ရှားရန်၊ နေ့စဉ်ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်၍ မိမိကိုယ်ကိုယ် ကျန်းမာ/ကြံ့ခိုင်အောင်တည်ဆောက်ရန်၊ ကျောင်းအနေဖြင့် အားကစားပြိုင်ပွဲများမပြတ် ကျင်းပပြီး ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရန် မှာကြားပြီး ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များနှင့် ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးသည်။

### တက်ရောက်သင်ကြားလျက်ရှိ


ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) နောက်ဆုံးနှစ်တွင် ကျောင်းသား ကျောင်းသူ ၂၁၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းဆင်းပြီးပါက သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် A.G.T.I ဒီပလိုမာများပေးအပ်၍ ဝန်ကြီးဌာနအသီးသီးတွင် အကြီးတန်းစာရေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူးများဖြင့် စတင်တာဝန်ပေးခန့်အပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အိန္ဒိယနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုဆေးပစ္စည်းများ ပို့ဆောင်လှူဒါန်း

**နေပြည်တော် မေ ၁၈**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမြင့်တက်နေသည့်ကာလအတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးရှိ ဝန်ထမ်းများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုဆေးပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းမှ အထူးလေယာဉ်နှစ်စင်းတို့ဖြင့် နေပြည်တော်လေဆိပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ သွားရောက်ပို့ဆောင်လှူဒါန်းသည်။



ထိုသို့ပို့ဆောင်ရာတွင် Surgical Mask (3000's) ၅၀၀၀၀၀၊ Goggles ၂၀၀၀၀၊ Face Shield (1000's) ၅၀၀၀၀၊ Examination Glove ၁၀၀၀၀၀၊ Oxygen Concentrator 5L ၁၀၀ နှင့် Powered Air Purifying Respirator (PAPR) ၂၀ တို့ပါဝင်ကြောင်း သိရှိရပြီး အဆိုပါ ဆေးပစ္စည်းများကို မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ Indira Gandhi အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လွှဲပြောင်းပေးအပ်ရာ အိန္ဒိယနိုင်ငံ Indian Red Cross Society မှ Head of Internation-Desk ဖြစ်သူ Mr. Arun Tureel က လက်ခံရယူသည်။

အိန္ဒိယနိုင်ငံသည် လက်ရှိကာလတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု များပြားလျက်ရှိပြီး ရောဂါကြောင့် သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းနိုင်ငံပီသစွာဖြင့် ယခုကဲ့သို့ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလေယာဉ်များနှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီး ပြန်လည်ထွက်ခွာရန် အခက်အခဲရှိနေသည့် အိန္ဒိယနိုင်ငံသား ၂၅ ဦးတို့ လိုက်ပါသွားကြောင်းသိရှိရပြီး အိန္ဒိယနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ နေရပ်ပြန်ရန် အခက်အခဲဖြစ်နေသည့် သံဃာတော် ခြောက်ပါး၊ လူပုဂ္ဂိုလ် အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၃၈ ဦး စုစုပေါင်း ၉၅ ဦးတို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်သည့် လေယာဉ်ဖြင့်လည်းကောင်း၊ သံဃာတော် ၁၄ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် တစ်ပါး၊ လူပုဂ္ဂိုလ် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၃၃ ဦးတို့သည် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်သည့် လေယာဉ်ဖြင့်လည်းကောင်း၊ စုစုပေါင်း သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအပါအဝင် မြန်မာနိုင်ငံသား ၁၂၈ ဦးတို့ကို ပြန်လည်ခေါ်ဆောင်လာခဲ့ကြောင်း သိရသည်။

အဆိုပါ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား သက်ဆိုင်ရာ လေဆိပ်များ၌ ကနဦး ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ပြီး Quarantine Center များသို့ ဆက်လက်ပို့ဆောင်၍ သတ်မှတ်ချက်များနှင့်အညီ Quarantine ထားရှိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ) ဩဝါဒါစရိယအဖွဲ့ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာဖြေသံဃာများအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၁၈

တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များနှင့် (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ) ဖြေဆိုတော်မူကြသည့် စာဖြေသံဃာတော်များအား အလှူရှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့က နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိသုံးထပ်ဆွမ်းစားကျောင်းဆောင်၌ ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကို၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြပြီး တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ သုဓမ္မာစာရာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ)ထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှု အစုစုတို့ကို ရေစက်သွန်းလောင်း အမျှပေးဝေခဲ့သည်။

နံနက်ပိုင်းတွင်လည်း အလှူရှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုတို့က လှူဒါန်းသည့် အရုဏ်ဆွမ်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ နှင့်ဇနီးတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပလျက်ရှိသည့် (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲဖြေဆိုတော်မူကြသော အဘိဓမ္မာ (ရှေ့ပိုင်း) စာဖြေသံဃာ ခြောက်ပါး၊ အဘိဓမ္မာ(နောက်ပိုင်း)စာဖြေသံဃာ ခြောက်ပါး၊ ဝိနည်း(ရှေ့ပိုင်း) စာဖြေသံဃာ ၆၅ ပါး စုစုပေါင်းစာဖြေသံဃာ ၇၇ ပါးတို့အား ဖူးမြော်ကြည်ညိုသည်။

အဆိုပါ (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲကြီးကို မေ ၁၇ ရက်မှ မေ ၂၁ ရက်အထိ ၅ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာ ၁၇၁ ပါး ဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြတိုက်တာဝန်ခံက လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားပြတိုက်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ယနေ့သည် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ဖြစ်ပါကြောင်း၊ ပြတိုက်လုပ်ငန်းသည် ပြည်သူကို အသိပညာပေးဆောင်ရွက်ရသည့် ဝန်ဆောင်မှုပေးသည့်အားလျော်စွာ ပြသပစ္စည်းများကို မိမိတို့ကိုယ်တိုင်က ကျေညက်စွာ သိရှိနားလည်အောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ပြတိုက်ပညာရပ်များကိုလည်း ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ချိတ်ဆက်၍ စဉ်ဆက်မပြတ် လေ့လာသင်ယူနေရန် လိုအပ်ကြောင်း၊ နိုင်ငံတကာပြတိုက်များနှင့် ချိတ်ဆက်၍ မိမိနိုင်ငံ၏ပြတိုက်ပစ္စည်းများကို နိုင်ငံတကာတွင် အထူးပြပွဲများ ပြသနိုင်ရေးစီစဉ်ရန် လိုအပ်ကြောင်း၊ ပြတိုက်များသည် အများပြည်သူများ အသိပညာ ပြန့်ပွားစေရုံမကဘဲ မျိုးဆက်သစ်ကျောင်းသား လူငယ်များကိုလည်း မိမိတို့၏ယဉ်ကျေးမှုကို လက်ဆင့်ကမ်းသိရှိစေရန် သက်ဆိုင်ရာနှင့် ချိတ်ဆက်၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြတိုက်နှင့်စပ်လျဉ်းသည့် စာတမ်းဖတ်ပွဲများ ကျင်းပနိုင်ရေးစီစဉ်ရန် မှာကြားသည်။

**သတင်းစဉ်**

# တောင်သူများ တွေ့ကြုံနေကြရသည့် အခက်အခဲများ ကျော်လွှားနိုင်ရေး ထိရောက်စွာ အဖြေရှာဖော်ထုတ်



နေပြည်တော် မေ ၁၈

လယ်ယာကဏ္ဍ နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုနေကြသည့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ဈေးကွက် လိုအပ်ချက်ကို သုံးသပ်၍ တောင်သူများအတွက် အမှန်တကယ် အကျိုးရှိစေသည့် စိုက်ပျိုးထုတ်လုပ်မှု သုတေသနများ ဆောင်ရွက်ရန်နှင့် တောင်သူများ တွေ့ကြုံနေကြရသည့် အခက်အခဲများ ကျော်လွှားနိုင်ရေးအတွက် ထိရောက်စွာ အဖြေရှာ ဖော်ထုတ်ပေးနိုင်မည့် လက်တွေ့အသုံးချသုတေသနများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်ကြောင်း မေ ၁၆ ရက် မွန်းလွဲပိုင်းက စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ဝါသီးနှံသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးခြံများဖြစ်ကြသည့် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံနှင့် ကျောက်ဆည်မြို့နယ် လွန်ကျော်ခြံများ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုတေသနပညာရှင်များနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သီးနှံများ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ ဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးပြီး ခိုင်ခိုင်မာမာရပ်တည်လာချိန်အထိ မိမိတို့ ဌာနခြံများက မျိုးစေ့ထုတ်လုပ်ခြင်း၊ မျိုးထုတ်တောင်သူအစုအဖွဲ့များမှ စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး ရေရှည်တွင် ဌာနအနေဖြင့် နည်းပညာ ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံ၌ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဧကစုစုပေါင်းသုံးသိန်းကိုးသောင်းကျော်ရှိပြီး ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်များကို ရွှေတောင်ခြံနှင့် လွန်ကျော်ခြံများက အဓိကထုတ်လုပ်ပေးလျက်ရှိရာ ငွေချည် - ၆၊ ငွေချည်-၉၊ ငွေချည်-၁၁၊ ရွှေတောင်-၈ နှင့် ရွှေတောင်-၁၀ ဝါမျိုးများမှာ တောင်သူစိတ်ကြိုက်မျိုးများအဖြစ် ထင်ရှားသည်။ သုတေသနလုပ်ငန်းများအနေဖြင့် ဝါမျိုးသုတေသနများ၊ စိုက်ပျိုးနည်းစနစ်ဆိုင်ရာ သုတေသန၊ အပင်အာဟာရသုတေသန၊ ရောဂါပိုးမွှား သုတေသန၊ စီးပွားရေးတွက်ခြေကိုက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းတွင် ဓာတ်မြေဩဇာနှင့်တွဲဖက်၍ သစ်စိမ်းစိုက်ပျိုး ထည့်သွင်းခြင်း၏ အကျိုးသက်ရောက်မှုအား လေ့လာခြင်းကိုလည်းကောင်း၊ နည်းပညာပြန့်ပွားရေးအတွက် ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲနှင့် သင်တန်းများအဖြစ် ဝါစိုက်ပျိုးထုတ်လုပ်မှု အခြေခံသင်တန်း၊ မျိုးစေ့ ထုတ်လုပ်မှုပညာရပ်ဆိုင်ရာသင်တန်း၊ မြေဆီလွှာစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ် မိုးရာသီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် လမ်းဘေးဝဲ၊ ယာ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးခြင်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်　မေ ၁၈**

၂၀၂၁ ခုနှစ် မိုးရာသီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် လမ်းဘေးဝဲ၊ ယာစိမ်းလန်း စိုပြည်ရေးအတွက် တစ်အုပ်တစ်မသစ်ပင်များစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးပြီးသည့် အပင်များ ရှင်သန်အောင်မြင်စေရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရုံးအမှတ်(၃၉) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။



**ပျိုးပင် ၃၆၂၆၂၇၈၇ ပင် စိုက်ပျိုးသွားမည်**

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ က ၂၀၂၁ ခုနှစ် မိုးရာသီတွင် အရည်အသွေးမီ ပျိုးပင်ပေါင်း (၃၆ ဒသမ ၂၆)သန်းကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဦးစီးဌာနအနေဖြင့် ပျိုးပင် ၃၃၁၃၄၁၁၁ ပင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန အနေဖြင့် ၂၆၈၂၃၇၅ ပင် နှင့် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ၄၄၆၃၀၁ ပင်၊ စုစုပေါင်း ပျိုးပင် ၃၆၂၆၂၇၈၇ ပင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယင်းတွင် လမ်းဘေးဝဲ၊ ယာ စိုက်ပျိုးခြင်းအနေဖြင့် သစ်တောဦးစီးဌာနက ပျိုးပင် ၆၈၂၁၈ ပင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၆၆၁၇၅ ပင် စုစုပေါင်း ၃၃၄၃၉၃ ပင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

လမ်းဦးစီးဌာနအောက်ရှိ လမ်းဘေးဝဲ၊ ယာများတွင် စိုက်ပျိုးလိုသည့်နေရာများအတွက် ပျိုးပင်နှင့် နေရာဒေသအလိုက် သင့်တော်သည့် သစ်မျိုးများအား ဖြည့်ဆည်းပေးမည်ဖြစ်ပြီး လိုအပ်သည့် နည်းပညာအကူအညီများ ပူးပေါင်းပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ပြောကြား**

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်းကြောင့် သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းရန်နှင့် သစ်ပင်စိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီသည့် ပျိုးသက်ကောင်းမွန်သော အပင်များကို ရွေးချယ်ပြီး ရှင်သန်ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးရန်လိုအပ်ကြောင်း၊ ထိုသို့ စိုက်ပျိုးရာတွင်လည်း သစ်တောဦးစီးဌာန၏ အကူအညီကိုရယူ၍ စုစုပေါင်း သစ်ပင် ၁၂၉၀၀၀ ခန့်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသစ်ပင်များ အောင်မြင်ဖြစ်ထွန်းရန်အတွက် မိမိဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် ဆက်စပ်ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးသည့် အပင်များ ရှင်သန်ရေးနှင့် ရေရှည်စိမ်းလန်းစိုပြည်ရေးတို့အတွက် သစ်တောဦးစီးဌာန၏ အကြံပြုချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက လမ်းဘေးဝဲ၊ ယာ တစ်အုပ်တစ်မသစ်ပင် စိုက်ပျိုးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အထွေထွေဆွေးနွေးကြပြီး ဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့ရှိ သစ်တောဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများက Online စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



**နေပြည်တော်　မေ ၁၈**

ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မူပိုင်ခွင့်ဥပဒေဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပြည်တွင်း ကုန်စည်စီးဆင်းမှုအခြေအနေများနှင့်ပတ်သက်၍ အပတ်စဉ်ကျင်းပသည့် ဝန်ကြီးဌာနတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ (၁) ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

**ဆွေးနွေးတင်ပြ**


ရှေးဦးစွာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေမှုများ၊ စားသုံးသူ ကာကွယ်ရေး ဥပဒေအရ စားသုံးသူများကြုံတွေ့နေရသည့် အခက်အခဲများကို တိုင်ကြားနိုင်ရေးအတွက် Consumer Call Center အကောင်အထည်ဖော်ဆောင်ရွက်ထားမှုများ၊ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ ဒူဘိုင်းနိုင်ငံတွင် ကျင်းပမည့် Dubai Expo 2020 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရေးဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်သီးနှံနှင့် စားသုံးဆီဖွံ့ဖြိုးတိုးတက်မှု မူဝါဒမူဘောင်တစ်ရပ်ဖြစ်ပေါ်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြသည်။

**မှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာနများမှ တင်ပြချက်များနှင့်စပ်လျဉ်း၍ နယ်စပ်ကုန်သွယ်မှုတွင် စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်များ ဈေးနှုန်းမှန်ရရှိအောင် ဆောင်ရွက်ပေးရန်နှင့် မိမိတို့နိုင်ငံမှ လယ်ယာထွက်ကုန်များ အရည်အသွေးပြည့်မီစွာ တင်ပို့နိုင်ရေး ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးတို့ကို မှာကြားပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ဧရာဝတီမြစ် (ပြည်မြို့) အတွင်း ငါးမျိုးများ စိုက်ထည့်

**ပြည်　မေ ၁၈**

ငါးသယံဇာတများ ပေါကြွယ်ဝ၍ ငါးရိက္ခာဖူလုံစေရေးအတွက် ပြည်မြို့ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပွဲကို မေ ၁၇ ရက် နံနက်ပိုင်းက ပန်းခြံဆိပ်ကမ်းဗောတံတားတွင် ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် အောင်နိုင်ဦး၊ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ငါးလုပ်ငန်းရှင်များ၊ ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်နိုင်နှင့်ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများက အုတ်ဖိုငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက် တစ်သိန်း၊ ငါးခုံးမကြီးသားပေါက် တစ်သိန်း၊ ရွှေဝါငါးကြင်း တစ်သိန်း စုစုပေါင်းကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဖြူကို အနက်ဆိုးကြသူတို့ . . .

မိုးဦးဝေ

မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများသည် စိတ်နေသဘောထား ဖြူစင်ကြသည်။ ရိုးသားကြသည်။ ရောင့်ရဲတင်းတိမ်ကြသည်။ ရရှိထားသောဘဝလေးတွင် အေးအေးချမ်းချမ်း နေထိုင်ကြသည်။ အေးချမ်းစွာနေထိုင်ကြသော်လည်း မဟုတ်တာမလုပ်၊ မမှန်တာကိုမကြိုက်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်မြတ်နိုးကြသည်။ သတ္တိ၊ ဗျတ္တိရှိသည်။ ထိုတိုင်းရင်းသားပြည်သူတို့၏ဓလေ့စရိုက်နှင့်ဝိသေသလက္ခဏာတို့သည်ကား လေးစားဂုဏ်ယူ မြတ်နိုးတန်ဖိုးထားစရာများဖြစ်သည်။

ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်ခဲ့ရာ၌ မတူကွဲပြားကြသော်လည်း အမုန်းမဖက်၊ ချစ်ခင်မပျက် နေထိုင်ကြသည်။ ပြည်ထောင်စုကြီးအတွင်း တစည်းတလုံးတည်းနေထိုင်ကြသည်။ သို့သော် တက်လာသည့်အစိုးရသည် ပြဿနာများကိုသာ ဖြေရှင်းနေရသည်။ တိုင်းပြည်ဖွံ့ဖြိုးရေး၊ တည်ဆောက်ရေး၊ အုပ်ချုပ်ရေးတို့၌ အဟန့်အတားဖြစ်သည်မှာ ငြင်းဆိုဖွယ်ရာမရှိပေ။ ယနေ့ကာလတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်သည်နှင့် NLD နိုင်ငံရေးအစွန်းရောက်များဖြင့် ဖွဲ့စည်းထားသည့် CRPH သည် နိုင်ငံရေးအန်တုမှုကို စတင်ဖန်တီးပေးခဲ့သည်။ တိုင်းရင်းသားပြည်သူများအား အစိုးရကိုဆန့်ကျင်ရန် စတင်သွေးထိုးပေးခဲ့သည်။

**ရိုးသားသော ချင်းတိုင်းရင်းသားအချို့သည် အစွန်းရောက်နိုင်ငံရေးသမားတို့၏ သွေးထိုးပေးမှုကြောင့် လက်နက်ကိုင်တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်လာကြရာ အေးချမ်းသာယာသော ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ငြိမ်းချမ်းမှုများ ကွယ်ပျောက်ခဲ့ရသည်။ အေးချမ်းစွာနေထိုင်ကြသော ဒေသခံပြည်သူများမှာ စိုးရိမ်ထိတ်လန့်ပုန်းရှောင်နေကြရသည်။ မြို့တွင်း၌ လက်နက်စွဲကိုင်အကြမ်းဖက်တိုက်ခိုက်ကြသူများမှာ CRPH နှင့် NUG ပြည်ဖျက်အမျိုးသားသစ္စာဖောက်တစ်စု၏ ပြည်ပမှ သွေးထိုးလှုံ့ဆော်မှုကို နားယောင်ခဲ့ကြသော ပြည်တွင်းမှ အသုံးချခံ တိုင်းရင်းသားလူငယ်လေးများဖြစ်။**

အရေးကြုံလျှင် ဗမာ၊ ကချင်၊ ရှမ်း၊ ချင်း၊ ကရင် မကွဲပြားဘဲ လက်တွဲစည်းလုံးခဲ့ကြသည်။

ယင်းတို့တွင် ချင်းတိုင်းရင်းသားတို့၏ ထူးခြားသောစွမ်းဆောင်မှုများကိုလည်း ယနေ့တိုင်မှတ်မိနေဆဲဖြစ်သည်။ ပြည်ထောင်စုကြီးကို ဖျက်ဆီးမည့်သူ၊ ကျူးကျော်သည့်သူတို့ကို ရဲရဲဝံ့ဝံ့ဖယ်ရှားခဲ့ကြသည်။ လွတ်လပ်သောနိုင်ငံတော်ကြီးပြန်လည်ရရှိရန်အတွက် ကျူးကျော်သူနယ်ချဲ့တို့ကို စွန့်လွှတ်စွန့်စားတွန်းလှန်ခဲ့ကြသည်။ လွတ်လပ်သောအခါတွင်လည်း ပြည်ထောင်စုကြီးအတွင်း အေးချမ်းစွာနေထိုင်ခဲ့ကြသည်။

### မည်သူတွေ အရောင်ဆိုး

ချင်းပြည်နယ်သည် သွားလာရေးခက်ခဲမှု၊ ပြည်မနှင့်အလှမ်းကွာမှုတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ လွတ်လပ်ရေးရပြီးသည်မှစ၍ အစဉ်အဆက် အေးချမ်းစွာဖြင့်ပင် ရိုးရိုးသားသား နေထိုင်ခဲ့ကြသည်။ လွတ်လပ်ရေးမရမီ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှစ၍ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ခေတ်အဆက်ဆက် အစိုးရခေါင်းဆောင်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစားပေး အလေးထားခဲ့ကြသည်။ ၂၀၁၀ ပြည့်နှစ် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းသည်မှစ၍ နိုင်ငံရေးသမားတို့သည် တိုင်းရင်းသားဒေသများတွင် ဖြန့်ကြက်လာခဲ့သည်။ ရိုးသားသောတိုင်းရင်းသားဒေသများတွင် နိုင်ငံရေးအရောင်ဆိုးမှုများရှိလာခဲ့သည်။ မည်သူတွေ အရောင်ဆိုးခဲ့သည်ကို စေ့ငုလေ့လာကြည့်ရမည်ဖြစ်သည်။

အေးချမ်းစွာ နေထိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒီမိုကရေစီစနစ်၏ ပုံရိပ်ဖြစ်သည့် ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်လာကြသည်။ ပြည်သူ့အခွင့်အရေး တောင်းဆိုသည့် ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားမှုဖြစ်၍ လက်ခံရမည်ဖြစ်

### အကြမ်းဖက်လမ်းစဉ်

ဦးစွာ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန် CDM လှုပ်ရှားမှု ပြုလုပ်ခဲ့ကြသည်။ ဆက်လက်၍ NUG ခေါ်သည့် တရားမဝင်အစိုးရ ဖွဲ့စည်းခဲ့ကြသည်။ ဆက်လက်၍ CRPH နှင့် NUG သည် CDM ပါဝင်ကြသူများအား အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် တစိုက်မတ်မတ် တွန်းအားပေးခဲ့သည်။ ၎င်းတို့၏ ပြည်ဖျက်လှုံ့ဆော်မှုကြောင့် ပြည်ထောင်စုကြီးအတွင်းရှိ နေရာများစွာတွင် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည်။ CRPH နှင့် NUG တို့၏ ဦးဆောင်သူများ သွေးထိုးလှုံ့ဆော်ပေးမှုကြောင့် အစိုးရ၏အုပ်ချုပ်ရေး ယန္တရားပျက်ပြားစေရန် ခြိမ်းခြောက်ခြင်း၊ ဖုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်းအထိ မင်းမဲ့စရိုက်များ ပြုလုပ်လာကြသည်။

ထို့အပြင် NUG သည် ခံစားချက်ပြင်းထန်သော ပြည်သူအချို့ကို စည်းရုံးကာ ပြည်သူ့ကာကွယ်ရေးတပ် PDF ဖွဲ့စည်းရန် လှုံ့ဆော်ပေးခဲ့သည်။ ၎င်းတို့၏ သွေးထိုးပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်မှုလမ်းစဉ် ပေါ်ပေါက်လာသည်။

သာဓကအားဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုပထမသုံးလတာကာလအတွင်း ချင်းပြည်နယ်တွင် အေးအေးချမ်းချမ်းရှိခဲ့သည်။ ၎င်းတို့၏တွန်းအားများကြောင့် တိုင်းရင်းသားဒေသအချို့တွင် မငြိမ်းချမ်းမှုအချို့ ရှိလာမှုနှင့်အတူ ချင်းပြည်နယ်တွင် လက်နက်ကိုင်တိုက်ခိုက်မှုအချို့ရှိလာခဲ့သည်။ မေလ ၃ ရက်နေ့ နံနက်တွင် ချင်းပြည်နယ် ဟားခါးမြို့ဈေး ကွက်သစ်ရပ်ရှိ ခရိုင်ဦးစီးမှူးရုံးတစ်ရုံးကို ဆူပူအကြမ်းဖက်သူများက မီးပုလင်းများ၊ မီးကွင်းများဖြင့် ပစ်ပေါက်ခဲ့သည်။ မေလ ၈ ရက်နေ့ နံနက်တွင် ဟားခါးမြို့နယ် ဆူရ်ခါးကျေးရွာရှိ လုံခြုံရေးယာယီရပ်သိမ်းထားသည့် နယ်မြေရဲစခန်းကို လက်နက်များကိုင်ဆောင်လာသော အကြမ်းဖက်အင်အား ၅၀ ခန့်က မီးရှို့ဖျက်ဆီးခဲ့ကြသည်။

### မြို့ကိုတိုက်ခိုက်ဖျက်ဆီး

မေလ ၁၂ ရက်နေ့ညတွင် မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက်ရှိ မင်းတပ်မြို့မရဲစခန်းကို လက်နက်ကိုင်အကြမ်းဖက်သမား အင်အား ၁၀၀ ခန့်က တူမီးသေနတ်များ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။ ဆက်လက်၍ စံပြရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် လုံခြုံရေးဆောင်ရွက်နေကြသော တပ်ဖွဲ့များအား အင်အား ၅၀ ခန့်ဖြင့် ထပ်မံတိုက်ခိုက်ကြသည်။ မေလ ၁၃ ရက်နေ့ မွန်းလွဲပိုင်း၌ အဆိုပါဘဏ်အား အင်အား ၄၀ ခန့်က ထပ်မံလာရောက်တိုက်ခိုက်ကြသည်။

ညနေပိုင်းတွင် အင်အား ၁၀၀ ခန့် က လက်နက်ငယ်များ၊ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများဖြင့် အကြိမ်ကြိမ် လာရောက်တိုက်ခိုက်ခဲ့ကြသည်။ ထိုနေ့ညတွင် ချင်းပြည်နယ် ကန်ပက်လက်မြို့ မြို့မ(၂) ရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်ကို လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့ကြသည်။ ထပ်မံ၍ သန်းခေါင်ကျော်တွင် မြို့မရဲစခန်းအား တိုက်ခိုက်ခဲ့ကြသည်။ မေလ ၁၄ ရက်နေ့တွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်ခဲ့ကြသည်။

မင်းတပ်မြို့နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာသဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာပြုလုပ်နိုင်ရန်အတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေဖြစ်သည့် ချင်းပြည်နယ်မင်းတပ်မြို့နယ်အတွင်း စစ်အုပ်ချုပ်ရေးအာဏာကျင့်သုံးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မေလ ၁၃ ရက်နေ့တွင် အမိန့်ထုတ်ပြန်ခဲ့ရသည်။

**ရိုးသားသော ချင်းတိုင်းရင်းသားအချို့သည် အစွန်းရောက်နိုင်ငံရေးသမားတို့၏ သွေးထိုးပေးမှုကြောင့် လက်နက်ကိုင်တိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်လာကြရာ အေးချမ်းသာယာသော ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ငြိမ်းချမ်းမှုများ ကွယ်ပျောက်ခဲ့ရသည်။ အေးချမ်းစွာနေထိုင်ကြသော ဒေသခံပြည်သူများမှာ စိုးရိမ်ထိတ်လန့်ပုန်းရှောင်နေကြရသည်။ မြို့တွင်း၌ လက်နက်စွဲကိုင်အကြမ်းဖက်တိုက်ခိုက်ကြသူများမှာ CRPH နှင့် NUG ပြည်ဖျက်အမျိုးသားသစ္စာဖောက်တစ်စု၏ ပြည်ပမှ သွေးထိုးလှုံ့ဆော်မှုကို နားယောင်ခဲ့ကြသော ပြည်တွင်းမှ အသုံးချခံ တိုင်းရင်းသားလူငယ်လေးများဖြစ်ကြသည်။**

### မြတ်နိုးဂုဏ်ယူဖွယ်ရာ

အေးချမ်းသော ချင်းပြည်နယ်အတွင်း ထိုသို့ဖြစ်ပျက်ခဲ့ရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရသည်။ အမှန်တကယ်တွင် ချင်းတိုင်းရင်းသားများသည် အေးချမ်းစွာဖြင့် ရိုးရိုးသားသား နေထိုင်ခဲ့ကြသူများဖြစ်သည်။ ရှေးအစဉ်အလာမပျက် အေးချမ်းစွာနေထိုင်ခဲ့ကြသော ချင်းတိုင်းရင်းသားတို့၏ ရိုးသားတက်ကြွစွာနေထိုင်ခဲ့ကြသည့် မြတ်နိုးဂုဏ်ယူဖွယ်ရာဘဝအခြေအနေတို့ကိုပြန်ပြောင်းသတိရမိသည်။

ရှေးယခင်က ဟားခါးမှ ဖလမ်းမြို့သို့ သွားရာလမ်းခရီးတွင် လူများကိုမတွေ့ရှိရဘဲ ငှက်ပျောသီးဗန်းလေးများ ချထားသည်ကို မကြာခဏ ကြုံတွေ့ခဲ့ဖူးသည်ဟု စာရေးဆရာကြီးတစ်ဦးက ပြောပြသည်။ "ဒီငှက်ပျောသီးဗန်းလေးတွေက ဘာလုပ်တာလဲ" ဟု မေးကြည့်ရာ ဒေသခံတိုင်းရင်းသားတစ်ဦးက "အဲဒါရောင်းတာပါ၊ ဆရာဝယ်ချင်ရင် ကြိုက်သလောက်ပိုက်ဆံ အဲဒီဗန်းထဲထည့်ပြီး ဝယ်ယူနိုင်ပါတယ်၊ မဝယ်နိုင်လို့ ယူစားသွားလည်း အလှူပေါ့"ဟု ဆိုပါသည်။

စာရေးဆရာကြီးက မော်တော်ကားရပ်ပြီး ငှက်ပျောသီး ဝယ်ယူခဲ့သည်။ ဗန်းထဲ၌ ငှက်ပျောသီးများနှင့်အတူ ငွေလေးရာတွေ့ရ၏။ စာရေးဆရာကြီးက ငွေလေးရာထပ်ထည့်ပြီး ငှက်ပျောသီးတစ်ဖီးယူလာခဲ့သည်။ ငွေရှစ်ရာနှင့် ငှက်ပျောဖီးအချို့သည် ဈေးရောင်းသူမရှိဘဲ ဒီအတိုင်းကျန်ခဲ့၏။ အလားတူဓလေ့စရိုက်ကို အခြားပြည်နယ်များတွင်လည်း တွေ့ရဖူးပါသည်။ တိုင်းရင်းသားတို့၏ ရိုးသားမှုမှာ အောက်ပြည်အောက်သားများအဖို့ အံ့သြစရာဖြစ်ရသည်။ ဤဓလေ့စရိုက်များသည် မြင့်မြတ်သော ဓလေ့စရိုက်များပင် ဖြစ်သည်။ မတူကွဲပြားသော လူသားအချင်းချင်းအပေါ် ထားရှိသည့်မေတ္တာ၊ စေတနာများဖြစ်သည်။ အနောက်နိုင်ငံအချို့တွင် လူမရှိဘဲ ဈေးရောင်းချသည့် သတင်းစာအရောင်းဆိုင်လေးမှသည် အဝတ်အထည်ဆိုင်၊ ပစ္စည်းအရောင်းဆိုင်များရှိကြောင်း ဖတ်ဖူးလေရာ မြင့်မြတ်သော ဓလေ့စရိုက်ရှိသော တိုင်းရင်းသားတို့ကြောင့် မိမိတို့ကိုယ့်ဘာသာ ဂုဏ်ယူကျေနပ်ခဲ့ရပါသည်။

### မြင့်မြတ်သောစိတ်ထား

ချင်းပြည်နယ် မတူပီမြို့တွင် မြင့်မြတ်သောစိတ်ဓာတ်ပိုင်ရှင်တစ်ဦးရှိခဲ့ဖူးသည်။ တစ်နေ့တွင် လက်နက်ခဲယမ်းမျိုးစုံ ကိုင်ဆောင်ထားသော သောင်းကျန်းသူငါးဦးသည် မတူပီမြို့ကို ဝင်ရောက်စီးနင်းရေးအတွက် မြို့မှ ငါးမိုင်အကွာ ဖနိုင်ရွာစခန်းသို့ ကင်းထောက်ရန် ရောက်လာခဲ့သည်။ ထိုအထဲမှ သောင်းကျန်းသူတစ်ဦးက "ဒီနားမှာ ကျုပ်တို့ဆွေမျိုးတွေရှိတယ်၊ ဆွေမျိုးတွေကတစ်ဆင့် မြို့သတင်းကို အေးအေးဆေးဆေးယူနိုင်တယ်"ဟုဆိုကာ မြို့သတင်းကိုယူရန် ဆွေမျိုးများထံ တစ်ဦးတည်းထွက်လာခဲ့သည်။ ထိုသောင်းကျန်းသူသည် ဆွေမျိုးများထံ ရောက်လာခဲ့သည်။

စာမျက်နှာ ၁၁ သို့ ❍

**ရဲစခန်းမှ တပ်ကြပ်ကြီးဦးထန်ခမ်းနှင့်အဖွဲ့သည် သတင်းရလျှင်ရချင်း သောင်းကျန်းသူတို့ စခန်းချရာနေရာသို့ ဝင်ရောက်တိုက်ခိုက်ဖမ်းဆီးခဲ့ရာ လက်နက်ခဲယမ်းမီးကျောက်များနှင့်အတူ တစ်ယောက်မကျန် ဖမ်းဆီးရမိခဲ့သည်။ ဦးဇိုရောင်သည် ဆွေမျိုးသားချင်းပင်ဖြစ်လင့်ကစား မြို့ရွာပြည်သူတို့ကို ဖျက်ဆီးရန်လာရောက်သူများဖြစ်ခြင်းကြောင့် ချက်ချင်းပင် ပြည်သူ့ရဲသို့အကြောင်းကြားကာ ဖမ်းဆီးစေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မတူပီမြို့သည် သောင်းကျန်းသူတို့၏ ဖျက်ဆီးမှုအန္တရာယ်မှ လွတ်မြောက်ခဲ့ရသည်။ ပြည်သူများ အေးချမ်းစွာနေထိုင်ကြရသည်။ လယ်သမားကြီးဦးဇိုရောင်သည် ယနေ့အခေါ် သတင်းပေးဒလန် မဟုတ်ပေ။ မိမိဆွေမျိုးအရေးထက် မြို့ရွာပြည်သူများအရေးကို အလေးထားဦးစားပေးခဲ့သည့် လေးစားထိုက်သော တိုင်းရင်းသားတစ်ဦးဖြစ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် ကမ္ဘာလုံးဆိုင်ရာ အာရှ-ပစိဖိတ်ဒေသနှင့် အရှေ့တောင်အာရှ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကာ ပူးပေါင်းဆောင်ရွက်နေမှု၊ ထိခိုက်လွယ်အုပ်စုများအား လူ့အခွင့်အရေးချိုးဖောက်ခံရမှုမရှိစေရေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စ၊ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို၊ မသန်စွမ်း၊ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ စသည့် ထိခိုက်လွယ်အုပ်စုများအတွက် ကူညီဆောင်ရွက်ပေးနေမှု၊ ထိန်းသိမ်းခံရသော လူငယ်များတွင် အသက်(၁၈)နှစ်မပြည့်သေးသူများကို ဝန်ကြီးဌာနအောက်ရှိ သန်လျင်လူငယ်သင်တန်းကျောင်း၌ ခေတ္တထိန်းသိမ်းထားရှိမှု၊ သင်တန်းကျောင်းရှိ တရားရင်ဆိုင်နေရသော ကလေးများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တရားရင်ဆိုင်ရေးနှောင့်နှေးမှုများ ဖြစ်ပေါ်လျက်ရှိရာ ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့နှင့်ညှိနှိုင်း၍ လိုအပ်သော တရားရင်ဆိုင်မှုများ မြန်ဆန်စွာဆောင်ရွက်နိုင်စေရန် ညှိနှိုင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ ပုဒ်မ ၂၂(က) ပါ လုပ်ငန်းအရ လူမှုဝန်ထမ်းဦးစီးဌာနက လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အများပြည်သူအသိပညာပေးလုပ်ငန်းများတွင် ကော်မရှင်နှင့်ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ကော်မရှင်ဥပဒေ ပုဒ်မ ၄၃ အရ လူငယ်သင်တန်းကျောင်းများသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြည့်ရှုစစ်ဆေးပြီး ပေးပို့လာသည့် အကြံပြုချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ ရေးဆွဲထားရှိ တင်ပြထားသော ဥပဒေ၊ နည်းဥပဒေများ၏ နောက်ဆုံးတိုးတက်မှုအခြေအနေများကို မျှဝေပြီး ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့ရှိ နိုင်ငံပိုင်ရုပ်ရှင်ရုံ လေးရုံနှင့်ပတ်သက်၍ တာဝန်နှင့်ဝတ္တရားများ လွှဲပြောင်းသည့် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနား ကျင်းပ




**မန္တလေး မေ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော မန္တလေးမြို့ရှိ နိုင်ငံပိုင်ရုပ်ရှင်ရုံလေးရုံနှင့် ပတ်သက်၍ တာဝန်နှင့်ဝတ္တရားများ လွှဲပြောင်းသည့် စာချုပ် (Deed of Assignment) ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲက မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက အမှာစကားပြောကြားရာ၌ မန္တလေးတိုင်းဒေသကြီးတွင် ခေတ်မီအဆင့်မြင့် Digital ရုပ်ရှင်ရုံများအဖြစ် နိုင်ငံပိုင် ရုပ်ရှင်ရုံ လေးရုံ အပါအဝင် ရုပ်ရှင်ရုံ ၃၂ ရုံဖြင့် ပြည်သူများအား ရုပ်ရှင်ပြသပေးလျက်ရှိပါကြောင်း၊ ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့်အတူ ညှိနှိုင်းပေါင်းစပ်ပြီး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး ရုပ်ရှင်ရုံများ တည်ထောင်ဖွင့်လှစ်ကြမည့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များကိုလည်း ကြိုဆိုကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ဝင်းလိုက်၊ မြို့မ၊ မြို့ဂုဏ်ရောင်နှင့် နေပြည်တော် ရုပ်ရှင်ရုံလေးရုံတို့နှင့်ပတ်သက်၍ တာဝန်နှင့်ဝတ္တရားများ လွှဲပြောင်းသည့် စာချုပ်ချုပ်ဆိုရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံပိုင်ရုပ်ရှင်ရုံ လေးရုံနှင့်ပတ်သက်၍ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြရာ လွှဲပြောင်းပေးအပ်ခြင်းစာချုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က လည်းကောင်း၊ လွှဲပြောင်းလက်ခံခြင်းစာချုပ်ကို မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၅) ဦးယဉ်ထွေးက လည်းကောင်း လက်မှတ်ရေးထိုးကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

○ စာမျက်နှာ ၁၀ မှ

သူ၏ ဆွေမျိုးထဲမှတစ်ဦးသည် ချင်းအမျိုးသား လယ်သမားကြီး ဦးဇိုရောင်ဖြစ်သည်။ ဦးဇိုရောင်သည် သူ့ဆွေမျိုး၏ အလာထူးပုံကို သတိပြုမိ၏။ ထို့ကြောင့်လည်း အဘယ်ကြောင့်လာသည်ကို ဆက်လက်လေ့လာမိသည်။ ဆွေမျိုးသည် မတူပီမြို့ကို ဝင်ရောက်စီးနင်းရန် ရောက်လာကြောင်း သတိပြုမိ၏။ ဦးဇိုရောင်သည် အချိန်မဆိုင်းဘဲ ရဲစခန်းသို့ သွားရောက်သတင်းပို့လိုက်သည်။

**ရဲစခန်းမှ တပ်ကြပ်ကြီး ဦးထန်ခမ်းနှင့်အဖွဲ့သည် သတင်းရလျှင်ရချင်း သောင်းကျန်းသူတို့ စခန်းချရာနေရာသို့ ဝင်ရောက်တိုက်ခိုက်ဖမ်းဆီးခဲ့ရာ လက်နက်ခဲယမ်းမီးကျောက်များနှင့်အတူ တစ်ယောက်မကျန် ဖမ်းဆီးရမိခဲ့သည်။ ဦးဇိုရောင်သည် ဆွေမျိုးသားချင်းပင်ဖြစ်လင့်ကစား မြို့ရွာပြည်သူတို့ကို ဖျက်ဆီးရန်လာရောက်သူများဖြစ်ခြင်းကြောင့် ချက်ချင်းပင် ရဲတပ်ဖွဲ့သို့ အကြောင်းကြားကာ ဖမ်းဆီးစေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မတူပီမြို့သည် သောင်းကျန်းသူတို့၏ ဖျက်ဆီးမှုအန္တရာယ်မှ လွတ်မြောက်ခဲ့ရသည်။ ပြည်သူများ အေးချမ်းစွာနေထိုင်ကြရသည်။ လယ်သမားကြီး ဦးဇိုရောင်သည် ယနေ့အခါ သတင်းပေးဒလန်မဟုတ်ပေ။ မိမိဆွေမျိုးအရေးထက် မြို့ရွာပြည်သူများအရေးကို အလေးထား ဦးစားပေးခဲ့သည့် လေးစားထိုက်သော တိုင်းရင်းသား တစ်ဦးဖြစ်သည်။**

**လက်ရဲဇက်ရဲအဖျက်သမား**

ရှေးကာလက ရိုးသားစွာနေထိုင်ကြသော တိုင်းရင်းသားများ၊ ဦးဇိုရောင်ကဲ့သို့ မိမိတို့ မြို့ရွာ အေးချမ်းသာယာရေးအတွက် ကာကွယ်စောင့်ရှောက်လိုသော ဂုဏ်ယူလေးစားဖွယ်ရာ တိုင်းရင်းသားများ အမြောက်အမြားရှိခဲ့ကြပါသည်။ ယနေ့အချိန်အခါတွင် မသမာသူအဖျက်သမားများက ၎င်းတို့အား သတင်းပေးသူတို့ကို ဒလန်ဟုသတ်မှတ်ကာ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများ ပြုလုပ်ထားသောကြောင့် ရိုးသားစွာနေထိုင်ကြသော ပြည်သူများက မိမိတို့ရပ်ရွာနှင့် ပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးလိုသော်လည်း မသမာသူအဖျက်သမားများအား သတင်းပေးရန် ဝန်လေးကြသဖြင့် အဖျက်သမားများသည် လက်ရဲဇက်ရဲလုပ်ကိုင်လာကြသည်။

ရှေးအခါက အုပ်ချုပ်သူအစိုးရတို့သည် တိုင်းရင်းသားပြည်သူတို့၏ ကောင်းသောဓလေ့စရိုက်များ အစဉ်ရှင်သန်တိုးပွားစေ၍ မကောင်းသော၊ ဆိုးရွားသောဓလေ့စရိုက်များ မှေးမှိန်အောင်ဆောင်ရွက်မည်ဟု အလေးအနက်ခံယူခဲ့ကြ၏။ ရိုးသားစွာအုပ်ချုပ်ခဲ့သော အစိုးရများသည် ရိုးသားသောပြည်သူများကို လိုလားနှစ်သက်ကြ၊ ကာကွယ်စောင့်ရှောက်ပေးခဲ့ကြသည်။ ကောင်းသောဓလေ့စရိုက်များသည် ရှေးအစဉ်အဆက်ကတည်းက ထွန်းကားခဲ့ကြသလို မပျောက်ပျက်အောင်လည်း ထိန်းသိမ်းစောင့်ရှောက်ကြရန် အစိုးရသာမက အားလုံးတွင်တာဝန်ရှိကြပေသည်။

**ယနေ့ကာလ၌ ရိုးသားစွာနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ ဘဝ၊ အေးချမ်းစွာနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ဓလေ့များ လုံးဝမကွယ်ပျောက်သေးချေ။ သို့သော် ရိုးသား စွာနေထိုင်ကြသော တိုင်းရင်းသားများအား ဆယ်စု နှစ်တစ်ခုအတွင်း နိုင်ငံရေးအရောင်ဆိုးခဲ့ကြလေသည်။ မှန်မြတ်သောအဖြူကို သူတို့က ခါးသီးဖွယ်ရာ အနက်ဆိုးခဲ့ကြလေပြီ။ ။**

# တာချီလိတ်မြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**တာချီလိတ် မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ အခမ်းအနားကို မေ ၁၁ ရက်တွင် တာချီလိတ်မြို့နယ် အေဝမ်းစားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမှုဆောင်အဖွဲ့၏ အသင်းသားစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး သက်တမ်းပြည့်အမှုဆောင်များ နုတ်ထွက်၍ အမှုဆောင်သစ်ရွေးချယ်ရာတွင် အသင်းသား အသင်းသူများ၏ ဆန္ဒသဘောထားအရ ရွေးချယ်ကာ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် နေ့စဉ်သေဆုံးမှု စံချိန်တင်ဖြစ်ပွား



**နယူးဒေလီ မေ ၁၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၃၂၉ ဦး ရှိခဲ့ရာ နေ့စဉ် သေဆုံးမှု စံချိန်တင်ဖြစ်ပွားခဲ့ကြောင်းနှင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၇၈၇၁၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၃၅၃၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၅၂၂၈၉၉၆ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ဧပြီ ၂၁ ရက်နောက်ပိုင်းတွင် သုံးသိန်းအောက်ကျဆင်းခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် နေ့စဉ်သေဆုံးသူအရေအတွက်မှာ မေ ၁၇ ရက်တွင် သိသိသာသာ မြင့်တက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၂၁၅၉၆၅၁၂ ဦးရှိကြောင်းနှင့် ကိုဗစ်- ၁၉ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၃၃၅၃၇၆၅ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ရာ လက်ရှိအချိန်ထိကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၈၄ သန်းကျော် ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## အိန္ဒိယ၌ အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ် ၂၄ ဦးထက်မနည်း သေဆုံးပြီး ၉၆ ဦး ပျောက်ဆုံးနေ

**နယူးဒေလီ မေ ၁၈**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းကမ်းလွန်ပင်လယ်တွင် "တောက်တဲ"အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း ယနေ့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ပင်လယ်ပြင်၌ သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ သင်္ဘောပေါ် လိုက်ပါသည့် လူ ၂၄ ဦးထက် မနည်းသေဆုံးခဲ့ပြီး ၉၆ ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

အခင်းဖြစ်ပွားစဉ် အဆိုပါသင်္ဘောပေါ်တွင် ခရီးသည် ၂၇၃ ဦး လိုက်ပါလာကြောင်း သိရသည်။ ကူညီကယ်ဆယ်ရေးအဖွဲ့သည် ရာသီဥတု အခြေအနေဆိုးရွားသည့်ကြားက ပျောက်ဆုံးနေသည့်လူများအတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ သင်္ဘောသည် မွမ်ဘိုင်းကမ်းရိုးတန်းမှ အနောက်ဘက်၁၆၇ ကီလိုမီတာခန့်အကွာရှိကမ်းလွန် ရေနံမြေတစ်ခုတွင် နစ်မြုပ်ခဲ့ခြင်း ဖြစ်သည်။

ယမန်နေ့ညနေပိုင်းက တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ နှုန်းဖြင့် ဂူဂျာရတ်ကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြည်သူထောင်နှင့်ချီ လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ပင်လယ်ဘက်ခြမ်းရှိ နေအိမ်များ၏ ပြူတင်းပေါက်မှန်များ ကွဲအက်မှုနှင့် သစ်ပင်လဲကျမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့အပြင် မုန်တိုင်းကြောင့် ခတ်တိုင်ပြိုလဲမှု၊ နေအိမ်နံရံပြိုလဲနှင့် သစ်ပင်လဲကျမှုများ ဖြစ်ပွားခဲ့ပြီး ခတ်တိုင်လဲကျမှုတွင် အသက် ၈၀ အရွယ် အမျိုးသားတစ်ဦး၊ အိမ်နံရံပြိုကျမှုတွင် ကလေးတစ်ဦး အသီးသီးသေဆုံးခဲ့ကြောင်း ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူနေအိမ် ၁၆၅၀၀ ကျော် ထိခိုက်ပျက်စီးသွားပြီး သစ်ပင် ၄၀၀၀၀ ကျော် ပြိုလဲမှုဖြစ်ပွားကာ ကျေးရွာပေါင်း ၂၄၀၀ တွင် လျှပ်စစ်မီး ပြတ်တောက်မှုများဖြစ်ပွားခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။ထို့အပြင် ပြည်သူ ၂၀၀၀၀၀ ခန့်သည် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်းကြောင့် သင်္ဘောနစ်မြုပ်မှုဖြစ်ပွားခဲ့ပြီးနောက် လက်ရှိအချိန်အထိ လူ ၁၇၇ ဦးကို အသက်ဘေးမှကယ်တင်နိုင်ခဲ့သည်။ ဒေသဆိုင်ရာ တာဝန်ရှိသူများသည် ကူညီကယ်ဆယ်ရေး လုပ်ငန်းများအတွက် အထောက်အကူပြုရန် ရဟတ်ယာဉ်နှစ်စင်းနှင့် သင်္ဘောနှစ်စင်းကို အခင်းဖြစ်ပွားသည့်နေရာတွင် ဖြန့်ကြက်ထားကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

## အမေရိကန်က ပင်လယ်ရပ်ခြားနိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလှူဒါန်းမည်

**ဝါရှင်တန် မေ ၁၈**

အမေရိကန်နိုင်ငံသည် ပင်လယ်ရပ်ခြား နိုင်ငံများသို့ ပြည်တွင်း၌ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေအနည်းဆုံး သန်း ၂၀ ကို လှူဒါန်းသွားမည်ဖြစ်ကြောင်း အမေရိကန် သမ္မတဂျိုးဘိုင်ဒင်က ပြောကြားသည်။

Pfizer၊ Moderna နှင့် Johnson & Johnson ဆေးဝါးကုမ္ပဏီတို့မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဇွန်လကုန်ပိုင်းတွင် ပင်လယ်ရပ်ခြားနိုင်ငံများသို့ ပေးပို့လှူဒါန်းမည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က မေ ၁၇ ရက်တွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံက ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့ထက် ပိုမိုလှူဒါန်းရန်လည်း စီစဉ်ထားကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားသည်။ အမေရိကန်နိုင်ငံသည် လက်ရှိတွင် နိုင်ငံ့လူဦးရေ၏ ၄၇ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်ထိုးနှံပေးခဲ့ပြီး ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

## အာဂျင်တီးနားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၆၈၀ ရှိ

**ဗျူနိုအေးရိစ် မေ ၁၈**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၆၈၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၃၃၅၉၆၅ ဦး အထိ ရှိလာကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀၅ ဦးရှိခြင်းကြောင်း နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၇၁၀၂၇ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၂၉၇၃၂၆၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၂၉၁၆၇၁ ဦး ရှိကြောင်း သိရသည်။ အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁၀ သန်းကျော် ရှိသွားပြီဖြစ်ကြောင်းလည်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၆၄၃၅၅၆၀၅ | ဦး |
| သေဆုံးသူ | ၃၄၀၆၆၀၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၄၃၁၄၄၅၉၇ | ဦး |

# နီကိုတင်းနဲ့ စွဲလမ်းမှုပြဿနာ

မေ

လူအများနဲ့ဆိုင်တဲ့နေရာတွေမှာ ဆေးလိပ်တွေ လက်ကြားညှပ်ပြီး အားပါးတရ ဆေးလိပ်သောက်ကြတဲ့သူတွေကို မြင်ဖူးကြပါလိမ့်မယ်။

ဆေးရုံဆေးခန်းတွေ၊ စာသင်ကျောင်းတွေ၊ အားကစားကွင်းတွေမှာလည်း ဆေးလိပ်သောက်ကြတာမျိုး တွေ့ဖူးကြမှာပါ။ ဒါတွေကို ဥပဒေအရ အရေးယူလို့ရတယ်၊ တိုင်ကြားလို့ရတယ်ဆိုတာကို သိရှိသူကတော့ အတော်လေးနည်းပါးနေပါသေးတယ်။ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်လို့ အခုအချိန်မှာ မိမိနဲ့ မိမိပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးလာတဲ့ ဆေးလိပ်ချစ်သူတွေကိုတွေ့တာနဲ့ သတိပေးတားမြစ်ပေးဖို့ လိုအပ်နေပါပြီ။

**အခိုးအငွေ့ထဲက အရာတွေ**

ဆေးလိပ်လို့ ဆိုတဲ့နေရာမှာ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက် စတာတွေ ပါဝင်ပါတယ်။ မိမိတို့လူမျိုးက လက်ဖက်၊ ဆေးလိပ်၊ ကွမ်းယာဆိုတာ ဧည့်သည်ကို ဧည့်ခံဖို့ အိမ်ဦးခန်းမှာ အသင့်ပြင်ထားတဲ့အရာတွေ ဖြစ်ပါတယ်။ အခုအချိန်အထိ အချို့ဒေသတွေမှာ မင်္ဂလာဆောင်အခမ်းအနားတွေ စီးကရက်ကမ်းတဲ့ အလေ့အထရှိပါတယ်။

ဆေးလိပ်ထဲမှာ အဓိကပါဝင်တဲ့ ဓာတ်တစ်မျိုးကတော့ နီကိုတင်းပဲ ဖြစ်ပါတယ်။ နီကိုတင်းအပြင် အခိုးအငွေ့တွေထဲမှာ ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ ကျော်တောင် ပါဝင်ပါတယ်။ စမ်းသပ်သောက်ကြည့်ရင်းကနေ မသောက်ရမနေနိုင်အောင် စွဲလမ်းစေပါတယ်။ ဆေးလိပ်တစ်လိပ် သောက်လိုက်တာနဲ့ ခန္ဓာကိုယ်ထဲကို ကတ္တရာ၊ နီကိုတင်း၊ ခရီဆော၊ ဖီနော၊ အင်ဒိုးလ်စတဲ့ ကင်ဆာနဲ့ အလုံးအကျိတ်တွေ ဖန်တီးပေးတဲ့ အမှုန်အမွှားတွေ စတင်ဝင်လာတော့တာပါပဲ။

အမှုန်အမွှားတွေအပြင် အငွေ့အဖြစ် အောက်ဆီဂျင်ကို ဝဝလင်လင်မရစေတဲ့ ကာဗွန်မိုနော့ဆိုက်တွေ၊ အသက်ရှူလမ်းကြောင်းမှာရှိတဲ့ ကြွက်သားတွေကို အဆိပ်ဖြစ်စေတဲ့ ဟိုက်ဒရိုဆိုင်ယနစ်အက်စစ်တွေ၊ အမိုးနီးယား၊ ဖော်မယ်လ်ဒီဟိုက်နဲ့ နိုက်ထရိုဂျင်အောက်ဆိုက်စတဲ့ အဆိပ်အတောက်အငွေ့တွေ ပါဝင်ပါတယ်။ ကင်ဆာရောဂါဖြစ်စေအောင် တွန်းအားပေးတတ်တဲ့ နိုက်ထရိုဆာမင်း၊ ဟိုက်ဒရာဇင်းနဲ့ ဗင်နိုင်းကလိုရိုဒ်တွေလည်း အပြည့်ပါဝင်ပါတယ်။

နီကိုတင်းက စိတ်သာယာမှုပေးတာ၊ အစာစားလိုစိတ်ကို လျှော့နည်းစေတာ၊ အာရုံခံစားမှုကို တက်ကြွစေတာ၊ စိတ်သောကတွေကို ပြေပျောက်စေတာ၊ စိတ်ဖိစီးမှုကို လျှော့ကျစေတာ စတဲ့ အရသာတွေကို ရရှိခံစားရစေပါသတဲ့။ ဒါတွေဟာ တကယ်တော့ တဒင်္ဂခံစားမှုတွေပဲဖြစ်ပြီး ဆေးလိပ်အန္တရာယ်ကြောင့် သေဆုံးမှုကတော့ လာမယ့်အနှစ် ၃၀ အတွင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ၅၀ ရာခိုင်နှုန်း၊ မဖွံ့ဖြိုးသေးတဲ့နိုင်ငံဆိုရင် ၇၀ ရာခိုင်နှုန်းလောက်တိုးပြီး သေဆုံးကြဖို့ရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆိုထားပါတယ်။

**ဆေးလိပ်ကပေးတဲ့လက်ဆောင်**

ဆေးလိပ်သောက်သုံးသူတွေ အဖြစ်များတဲ့ရောဂါက နှလုံးသွေးကြောရောဂါတွေဖြစ်တဲ့ နှလုံးသွေးကြောကျဉ်းတာ၊ ပိတ်တာ၊ နှလုံးခုန်မမှန်တာ၊ ဦးနှောက်ထဲသွေးကြောတွေပိတ်ပြီး လေဖြတ်တာ၊ ဦးနှောက်အမြှေးပါးအောက် သွေးယိုတာတွေ ဖြစ်တတ်ပါတယ်။ ဆေးလိပ်သောက်တဲ့သူဟာ သွေးတိုးရောဂါအခံသာရှိနေမယ်ဆိုရင် သွေးတိုးရောဂါ ပိုမိုဆိုးရွားစေနိုင်ပြီး သွေးကြောကျဉ်းတာဟာ ခြေတွေ၊ လက်တွေမှာဖြစ်ခဲ့မယ်ဆိုရင် ဖြတ်တောက်ကုသရတာမျိုးလည်း ကြုံရနိုင်ပါသေးတယ်။ ဆေးလိပ်သောက်သူတွေ အများဆုံးကြုံရနိုင်တဲ့ရောဂါကတော့ အဆုတ်ကင်ဆာ




ဆေးလိပ်ငွေ့ကြောင့်ဖြစ်တဲ့ရောဂါတွေ ပိုပြီးခံစားရတာကိုလည်း သတိပြုစေချင်ပါတယ်။

**ဆေးလိပ်ဖြတ်ကြမယ်**

ဆေးလိပ်သောက်သူတွေ ဆေးလိပ်ဖြတ်တော့မယ်ဆိုရင် အဓိကကြုံရတာက စွဲလမ်းမှု နီကိုတင်းဒုက္ခ ဖြစ်ပါတယ်။ ဒါပေမယ့် တကယ်တမ်း မဖြစ်မနေ ဖြတ်မှဖြစ်တော့မယ်ဆိုရင် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချ၊ ဆုံးဖြတ်ထားတဲ့အတိုင်း လိုက်နာပြီး တစ်ကျော့ပြန် မသောက်မိဖို့ကတော့ အရေးအကြီးဆုံး ဖြစ်ပါတယ်။ ဆေးလိပ်ဖြတ်တဲ့အခါ ရက်အတိအကျ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ဆေးလိပ်ရဲ့ဆိုးကျိုးတွေကို တွေးပြီး သောက်ချင်စိတ်ကို ထိန်းချုပ်ပါ။ ဆေးလိပ်သောက်ချင်စိတ်ပေါ်လာတိုင်း အစားထိုးရန် အစားအစာ၊ ပီကေ၊ သကြားလုံး စသည်ဖြင့် ကြိုတင်ပြင်ဆင်ထားဖို့ လိုသလို မီးခြစ်၊ ဆေးလိပ်ခွက်၊ ဆေးလိပ်စတဲ့ပြန်သောက်ချင်မိမယ့်အရာတိုင်းကို ရှင်းလင်းထားဖို့လည်း လိုပါလိမ့်မယ်။ ဆေးလိပ်ပြန်မသောက်မိစေဖို့ ကြာနိုင်သမျှ ကြာအောင် ထိန်းထားပါ။ စိတ်မနိုင်လို့ ပြန်သောက်မိရင်လည်း ပြန်ဖြတ်နိုင်ဖို့ကြိုးစားပြီး ပြတ်တဲ့အချိန်ဟာ ဘဝအတွက် အမြတ်ရတဲ့နေ့လို့ သတ်မှတ်ဖို့လည်း ပညာရှင်တွေက တိုက်တွန်းကြတာကို တွေ့ရပါတယ်။

**ဆေးလိပ်သောက်သူတွေ ဆေးလိပ်ဖြတ်တော့မယ်ဆိုရင် အဓိကကြုံရတာက စွဲလမ်းမှု နီကိုတင်းဒုက္ခဖြစ်ပါတယ်။ ဒါပေမယ့် တကယ်တမ်း မဖြစ်မနေ ဖြတ်မှဖြစ်တော့မယ်ဆိုရင် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချ၊ ဆုံးဖြတ်ထားတဲ့အတိုင်း လိုက်နာပြီး တစ်ကျော့ပြန် မသောက်မိဖို့ကတော့ အရေးအကြီးဆုံး ဖြစ်ပါတယ်။ ဆေးလိပ်ဖြတ်တဲ့အခါ ရက်အတိအကျ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဆေးလိပ်ရဲ့ဆိုးကျိုးတွေကိုတွေးပြီး သောက်ချင်စိတ်ကို ထိန်းချုပ်ပါ။ ဆေးလိပ်သောက်ချင်စိတ်ပေါ်လာတိုင်း အစားထိုးရန် အစားအစာ၊ ပီကေ၊ သကြားလုံး စသည်ဖြင့် ကြိုတင်ပြင်ဆင်ထားဖို့လိုသလို မီးခြစ်၊ ဆေးလိပ်ခွက်၊ ဆေးလိပ်စတဲ့ ပြန်သောက်ချင်မိမယ့်အရာတိုင်းကို ရှင်းလင်းထားဖို့လည်း လိုပါလိမ့်မယ်။ ဆေးလိပ်ပြန်မသောက်မိစေဖို့ ကြာနိုင်သမျှကြာအောင်ထိန်းထားပါ။ စိတ်မနိုင်လို့ ပြန်သောက်မိရင်လည်း ပြန်ဖြတ်နိုင်ဖို့ကြိုးစားပြီး ပြတ်တဲ့အချိန်ဟာ ဘဝအတွက် အမြတ်ရတဲ့နေ့လို့ သတ်မှတ်ဖို့လည်း ပညာရှင်တွေက တိုက်တွန်းကြတာကို တွေ့ရ။**

ဖြစ်ပါတယ်။ နိုင်ငံအနှံ့အပြားမှာ အဆုတ်ကင်ဆာဖြစ်ပွားပြီဆိုရင် သုံးပုံတစ်ပုံက ဆေးလိပ်ကြောင့်ပဲ ဖြစ်ပါတယ်။ အဆုတ်ကင်ဆာအပြင် ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာ၊ အစာမျိုလမ်းကြောင်းကင်ဆာ၊ ပန်ကရိယကင်ဆာ၊ ဆီးအိမ်ကင်ဆာနဲ့ သားအိမ်ကင်ဆာတွေလည်း ကြုံတွေ့ရနိုင်ပါတယ်။ ဆေးလိပ်ငွေ့တွေကြောင့် ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါတွေလည်း ဖြစ်တတ်ပါတယ်။ အဆုတ်လေပြွန်အိတ်တွေ ပျက်စီးသွားတဲ့ ရောဂါဖြစ်နေတဲ့သူတွေအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းခန့်ကလည်း ဆေးလိပ်သောက်ခဲ့လို့ပဲ ဖြစ်ပါတယ်။

**ဆေးလိပ်နဲ့အမျိုးသမီး**

အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်ခဲ့မယ်ဆိုရင် သန္ဓေသားဆီသွားတဲ့ သွေးကြောတွေကျဉ်းတာ၊ သွေးခဲတာတွေ ဖြစ်နိုင်လို့ ကလေးက အောက်ဆီဂျင် ပြည့်ပြည့်ဝဝမရဘဲ ထိခိုက်စေပါတယ်။ ဆေးလိပ်သောက်သူနဲ့ အတူတူနေမိတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေလည်း ဆေးလိပ်ငွေ့တွေ ရှူရှိုက်ရင်းကနေ သားအိမ်ပြင်ပမှာ သန္ဓေတည်တာ၊ သားပျက်သားလျှောတာ၊ လမစေ့ဘဲမွေးတာ၊ ပေါင်မပြည့်တာ၊ ကလေးအသေမွေးတာနဲ့ ကိုယ်အင်္ဂါချို့တဲ့တာဖြစ်နိုင်တဲ့အပြင် ဆေးလိပ်သောက်တဲ့မိခင်ကနေ မွေးတဲ့ကလေးတွေ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုဟာ အသက် ၁၁ နှစ်အရွယ်အထိ ပုံမှန်မဟုတ်ဘဲ ကြုံလိုတတ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရ မြန်မာနိုင်ငံမှာ အမျိုးသမီး ၂၀ ရာခိုင်နှုန်းခန့်က ဆေးလိပ်သောက်သုံးကြတယ်လို့ သိရပါတယ်။

**ဒုတိယမြောက်သားကောင်တွေ**

**(Second Smokers)**

ဆေးလိပ်ကို ကိုယ်တိုင်က မသောက်သုံးပေမယ့် ပတ်ဝန်းကျင်နဲ့ မိသားစုမှာ ဆေးလိပ်တဖွာဖွာနဲ့သူတွေ များနေမယ်၊ ဆေးလိပ်ငွေ့တွေ ပျံ့နှံ့နေမယ်ဆိုရင် အနီးအနားကလူတွေ ဖြစ်နိုင်တဲ့ရောဂါတွေက ဆေးလိပ်သောက်သူတစ်ယောက်လို အန္တရာယ်များပါတယ်။ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ ခံတွင်းကင်ဆာ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ အစာအိမ်ကင်ဆာ၊ သွေးကြောပိတ်ရောဂါ၊ သွေးကင်ဆာနဲ့ သွေးတိုးရောဂါ စတာတွေ ဖြစ်နိုင်ပါတယ်။ ကလေးတွေ ရုတ်တရက်သေဆုံးတာ၊ ဉာဏ်ရည်မမီတာ၊ ရင်ကျပ်နဲ့ လေပြွန်ရောင်ရောဂါတွေကလည်း ဆေးလိပ်ငွေ့ကိုရှူရှိုက်ရာကနေ ဖြစ်တတ်တဲ့ရောဂါတွေပါ။ အထူးသဖြင့် ကလေးတွေဟာ လူကြီးတွေထက် အသက်ရှူနှုန်းမြန်တဲ့အတွက်

**ရဲစခန်းသို့ သက်သေနှင့်တကွ တိုင်ကြားပါ**

ဥပဒေအရလည်း ဆေးလိပ်သောက်ခွင့်မရှိတဲ့နေရာတွေ သတ်မှတ်ထားပြီးသား ဖြစ်ပါတယ်။ ဆေးရုံ၊ ဆေးခန်း၊ ကစားကွင်း၊ စာသင်ကျောင်း၊ ကုန်တိုက်၊ တက္ကသိုလ်၊ ပြတိုက်၊ စာကြည့်တိုက်၊ အများသုံးဘတ်စ်ကား၊ ကျောင်းကား၊ သင်တန်းကျောင်းတွေ အပါအဝင် အများပြည်သူနဲ့ ဆက်စပ်တဲ့နေရာတွေမှာ ဆေးလိပ်သောက်ခွင့် မရှိပါဘူး။ ဆေးလိပ်ပုံကစားစရာတွေ၊ သရေစာတွေလည်း ရောင်းခွင့်မရှိပါဘူး။ ကျောင်းပရိဝုဏ်နဲ့ ကျောင်းပရိဝုဏ်အပြင် ပေ ၁၀၀ အတွင်းမှာလည်း ရောင်းခွင့်မရှိပါဘူး။ အသက် ၁၈ နှစ်မပြည့်သေးတဲ့ ကလေးတွေကို ဆေးလိပ်ရောင်းခွင့်မရှိသလို ပေးခွင့်လည်း မရှိပါဘူး။ လက်ဖက်ရည်ဆိုင်တွေမှာ ၂၀၀ ဖိုး၊ ၃၀၀ ဖိုး စသည်ဖြင့်လည်း ရောင်းချခွင့်မရှိပါဘူး။ အဲဒီလိုတွေကို မြင်တွေ့ကြားသိရရင် နီးစပ်ရာရဲစခန်းမှာ သက်သေနဲ့တကွ အမှုဖွင့်တိုင်ကြားနိုင်ပါတယ်။ ရဲအရေးယူပိုင်ခွင့်ရှိတဲ့ ပြစ်မှုတွေဖြစ်ပြီး ငွေဒဏ်ချမှတ်အရေးယူမှာဖြစ်တယ်ဆိုတာကို သိရှိနားလည်ကြပြီး ဆေးလိပ်အန္တရာယ်ဝေးရာသို့ အသိစိတ်တွေနဲ့ ရှောင်ကြဉ်ကြပါလို့ တိုက်တွန်းအသိပေးလိုက်ရပါတယ်။ ။

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ် တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။ **ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
(၂၀၂၁ ခုနှစ်၊ မတ်လ)




## ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၃) ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့မှူးကို အကြမ်းဖက်သူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကို သွားရောက်စစ်ဆေးနေစဉ် ပေါက်ကွဲမှုထပ်မံဖြစ်ပွား၍ လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၃) ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့မှူးကို အကြမ်းဖက်သူတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကို သွားရောက်စစ်ဆေးနေစဉ် ပေါက်ကွဲမှု ထပ်မံဖြစ်ပွား၍ လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



လမ်းမတော်မြို့နယ်၌ သေနတ်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ခံရ၍ (၃)ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူး သေဆုံးမှုနှင့်ပတ်သက်၍ ပူးပေါင်းအဖွဲ့က အခင်းဖြစ်ရပ်အား စစ်ဆေးစဉ် ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက် အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူးရုံး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သိရှိရသဖြင့် ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူး ဦးမျိုးလွင်(၄၅)နှစ် (ဘ) ဦးမောင်အေးသည် နေအိမ်မှ ရုံးသို့သွားရောက်စဉ် (၈)လမ်း တိုက်အမှတ်(၆၁)ရှေ့လမ်းပေါ်အရောက်၌ အကြမ်းဖက်သူအမျိုးသား တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ဦးမျိုးလွင်တွင် နဖူးဖောက်ဝင်ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်သို့ ရောက်ရှိပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ် အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းထောင့်ရှိ ဓာတ်တိုင်၏ အမြင့် ၇ ပေခန့်တွင် တပ်ဆင်ထားသော Myanmar Net ကေဘယ်အထိုင်ပုံးအတွင်းမှ အကြမ်းဖက်သူများက ကြိုတင်ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦးတွင် ထိခိုက်ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဖားကန့်၊ ပုသိမ်ကြီးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ယူမာကျေးရွာအနီးတွင် စိုးသီဟဟိန်း မောင်းနှင်ပြီး သန်းထွဋ်ဝင်း လိုက်ပါလာသည့် AD Van အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၉၈ ကီလိုကိုလည်းကောင်း၊

ယင်းနေ့ နံနက် ၆ နာရီတွင် ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင်သွားကားလမ်း ကျောက်ချောကျေးရွာ ၁၆ မိုင် စစ်ဆေးရေးစခန်း၌ ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၂၉) ရပ်ကွက်၊ ပင်လုံလမ်းမကြီးနှင့် ဗိုလ်ဇင်ယော်လမ်းထောင့်အနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မဖြိုးအိအိဝင်းကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၀၊ အိုက်စ်သုည ဒသမ ၀၀၀၆ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများ စစ်ဆေးခြင်း

၂၀၂၁ ခုနှစ်၊ မေလ ၁၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၂၄၂၁၄၈ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၁၁၃၇၆၇ ဦးဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၆၂၁၁၀ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၅၀၁၉ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၅၂၁၁၆ ဦးဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက်မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ပုသိမ်မြို့နယ် | ၂၀၀ | ၂၇၇၉၆၄ | ၂၂၄၁၄၈ | ၃၀၄၇၃ | ၅၀၁၂ | ၃၈၄၀၆ |
| ၂ | ကန်ကြီးထောင့်မြို့နယ် | ၁၃၉ | ၁၃၅၇၅၇ | ၁၃၃၂၀၆ | ၁၇၉၅၈ | ၉၉၅ | ၁၃၁၈၆ |
| ၃ | ငပုတောမြို့နယ် | ၂၅၂ | ၂၃၅၄၂၈ | ၂၁၄၆၃၆ | ၅၅၉၈၇ | ၂၈၈၅ | ၂၆၃၀၆ |
| ၄ | သာပေါင်းမြို့နယ် | ၂၀၃ | ၁၁၆၇၅၈ | ၁၁၀၉၁၄ | ၈၉၈၇ | ၁၇၈၄ | ၁၇၁၁၀ |
| ၅ | ကျောင်းကုန်းမြို့နယ် | ၁၂၅ | ၁၂၈၂၇၃ | ၁၁၉၁၃၁ | ၁၁၆၅၉ | ၁၂၉၆ | ၁၆၈၅၆ |
| ၆ | ရေကြည်မြို့နယ် | ၁၁၉ | ၁၅၇၇၆၅ | ၁၄၀၂၇၄ | ၁၉၁၆၅ | ၁၂၆၁ | ၁၆၆၈၄ |
| ၇ | ကျုံပျော်မြို့နယ် | ၂၃၃ | ၁၉၀၂၀၃ | ၁၇၁၄၅၈ | ၁၈၀၈၁ | ၁၈၀၆ | ၂၃၇၆၈ |
| | စုစုပေါင်း | ၁၂၇၁ | ၁၂၄၂၁၄၈ | ၁၁၁၃၇၆၇ | ၁၆၂၁၁၀ | ၁၅၀၁၉ | ၁၅၂၁၁၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၁၂၇၁ ရုံ၊ စုစုပေါင်းထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၇၂၃၇၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၃၅၀၁၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၃၇၃၅၄၊ မြေပြင်လက်ကျန် ၄၂၀၂၂၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၃၁၀၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၅၉၈၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပုသိမ်မြို့နယ် | ၂၀၀ | ၂၉၂၁၅၈ | ၂၀၄၄၂၆ | ၈၇၇၃၂ | ၈၂၈၁၇ | ၁၄၁၉၈ | ၉၂၈၃ |
| ၂ | ကန်ကြီးထောင့်မြို့နယ် | ၁၃၉ | ၁၄၈၁၂၇ | ၁၀၉၄၆၇ | ၃၈၆၆၀ | ၃၇၉၂၆ | ၉၄၁ | ၂၀၇ |
| ၃ | ငပုတောမြို့နယ် | ၂၅၂ | ၂၅၆၀၆၃ | ၁၆၆၄၈၆ | ၈၉၅၇၇ | ၈၇၈၅၃ | ၃၉၀၉ | ၂၁၈၅ |
| ၄ | သာပေါင်းမြို့နယ် | ၂၀၃ | ၁၃၆၃၀၃ | ၈၉၉၀၈ | ၄၆၃၉၅ | ၄၅၄၇၃ | ၂၁၁၃ | ၁၁၉၁ |
| ၅ | ကျောင်းကုန်းမြို့နယ် | ၁၂၅ | ၁၄၅၉၁၉ | ၁၀၂၈၂၃ | ၄၃၀၉၆ | ၄၀၉၂၃ | ၃၈၈၅ | ၁၇၁၂ |
| ၆ | ရေကြည်မြို့နယ် | ၁၁၉ | ၁၇၄၇၈၉ | ၁၁၈၂၉၀ | ၅၆၄၉၉ | ၅၃၁၀၅ | ၃၅၃၇ | ၁၄၃ |
| ၇ | ကျုံပျော်မြို့နယ် | ၂၃၃ | ၂၁၉၀၁၃ | ၁၄၃၆၁၈ | ၇၅၃၉၅ | ၇၂၁၃၂ | ၄၅၂၅ | ၁၂၆၂ |
| | စုစုပေါင်း | ၁၂၇၁ | ၁၃၇၂၃၇၂ | ၉၃၅၀၁၈ | ၄၃၇၃၅၄ | ၄၂၀၂၂၉ | ၃၃၁၀၈ | ၁၅၉၈၃ |

စာမျက်နှာ ၁၆ သို့ »»

မြေပြင်စစ်ဆေးချက်များအရ ဧရာဝတီတိုင်းဒေသကြီး ၇ မြို့နယ်တွင် မဲရုံပေါင်း ၁၂၇၁ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၃၇၂၃၇၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၃၅၀၁၈၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၃၇၃၅၄၊ မြေပြင်လက်ကျန် ၄၂၀၂၂၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရ



ကျောင်းကုန်းမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

- ❖ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်း/လက်ကျန် ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြား လာရောက်အပ်နှံခြင်း
- ❖ အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း
- ❖ COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင် မဲပေးစေခြင်းတို့ စစ်ဆေးတွေ့ရှိ

»»» **စာမျက်နှာ ၁၅ မှ**

၆။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ် ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၂၈၃၈၁ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၁၆၂၃၁ဝ ဦးရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅(ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"**ဟု ပြဋ္ဌာန်းထားသော်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၅၀၃၉ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၁၅၂၃၁၆ ဦးတို့ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၉၄၆၂၃၃ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၉၃၅၀၁၈ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၁၁၂၁၅ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၃၃၁၀၈ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၅၉၈၃ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်း/လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

(င) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(စ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန်ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံ လက်မှတ်များ ဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ် မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဇ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ဈ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



ငပုတော မြို့နယ် ဆန္ဒမဲ လက်မှတ် မြေပြင် စစ်ဆေးမှု မှတ်တမ်း ဓာတ်ပုံ။

**ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက် စစ်ဆေးရာတွင် မဲလက်မှတ် အပို/လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ (၅/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

(ယမန်နေ့မှအဆက်)

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ရှင်းလင်းပြောကြားရာတွင် မဲဆန္ဒရှင်စာရင်းများ စိစစ်ထုတ်ပြန်မှုအခြေအနေအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများ အသုံးပြုခဲ့သည့် နောက်ဆုံးမဲစာရင်း Soft copy များကို ရယူပြီးနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ထုတ်ပြန်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ မေ ၁၄ ရက်အထိ ထုတ်ပြန်ပြီးစီးမှုများအရ တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ၁၅ ခုရှိ မြို့နယ်ပေါင်း ၁၉၈ မြို့နယ်၊ မဲရုံပေါင်း ၂၇၂၄၈ ရုံကို စိစစ်ခဲ့ရာတွင် မြို့နယ်ကော်မရှင်စာရင်းအရ မဲဆန္ဒရှင် ၂၇၃၆၆၇၃၁ ဦးဖြစ်သော်လည်း လဝက စာရင်းအရ ၂၂၈၃၉၀၈ ဦးသာရှိပြီး ၅၀၈၂၈၂၃ ဦး ကွာခြားမှုရှိကြောင်း၊ ၎င်းတို့အနက် စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူ ၃၃၈၇၆၇၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့်မဲစာရင်း သုံးကြိမ်နှင့်အထက် ပါဝင်နေသူ ၂၂၅၂၈၀၀၊ နိုင်ငံသား စိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း နှစ်ကြိမ် ပါဝင်သူ ၂၄၆၂၁၄၁ ဦးရှိသည်ကို တွေ့ရှိရပါကြောင်း၊ စိစစ်တွေ့ရှိချက်များအရ စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူနှင့် မဲစာရင်းထပ်နေသူ စုစုပေါင်း ၆၀၇၅၀၉၆ ဦးရှိကြောင်း တွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် မဲဆန္ဒရှင်၏ ၂၂ ဒသမ ၂ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ စစ်ဆေးထုတ်ပြန်မှုတွင် မြို့နယ်တစ်ခုချင်းအလိုက် စိစစ်တွေ့ရှိမှုများသာဖြစ်ပြီး အခြားတိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်များနှင့် တိုက်ဆိုင်စစ်ဆေးမှု (Cross Check) များပါဝင်ပါက တပ်မတော်သတင်းမှန်ပြန်ကြားရေး အဖွဲ့က ထုတ်ပြန်ထားသည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်း CD၊ PDF များကို အခြေခံထုတ်ပြန်ခဲ့သည့် မဲမသမာမှု ပြုနိုင်/ ဖြစ်နိုင်သည့်အရေအတွက် ၁၀၄၈၂၁၁၆ ဦး ရာခိုင်နှုန်း ၂၈ ဒသမ ၁၇ ရာခိုင်နှုန်း ထက် ပိုမိုများပြားနိုင်သည်ကို သုံးသပ်စိစစ်တွေ့ရှိရပါကြောင်း၊ ဖော်ပြပါမြို့နယ် ၁၉၈ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများအပေါ် တပ်မတော်စိစစ်ချက်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စိစစ်တွေ့ရှိချက်များကို နှိုင်းယှဉ်ရာတွင်လည်း စိစစ်သည့် အခြေခံမဲဆန္ဒရှင်စာရင်း ကွာခြားချက်အရ ကော်မရှင်၏ စိစစ်တွေ့ရှိမှုအရေအတွက်သည် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး (မှတ်ပုံတင်) မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၃၂၅၄၈၆ ဦး၊ တစ်ကြိမ်ထက်ပို၍ မဲစာရင်းတွင်ပါဝင်သူ (ထပ်နေသောမဲစာရင်း) ၆၃၇၆၈၂ ဦး ပိုမိုစိစစ်တွေ့ရှိရပါကြောင်း။

ဆက်လက် ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ထုတ်ပြန်လျက်ရှိမှု အခြေအနေများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ မေ ၁၄ ရက်အထိ တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ၁၃ ခုအတွင်းရှိ မြို့နယ်ပေါင်း ၁၉၄ မြို့နယ်ရှိ မဲရုံပေါင်း ၂၆၄၇၃ ရုံ၏ ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် စနစ်တကျ ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ဆေးမှုစာရင်းချုပ်အရ ထုတ်ယူရရှိသည့် မဲလက်မှတ်ပေါင်း ၂၉၆၀၃၃၉၅၊ အသုံးပြု ၁၈၈၁၀၈၀၀၊ ကျန်ရမည့်အရေအတွက် ၁၀၇၉၂၅၉၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၀၀၂၄၁၉၉ ဖြစ်ပြီး ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၁၀၄၃၀၄၆ နှင့် အပို ၂၇၄၆၅၀ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၎င်းပျောက်ဆုံးမဲ ၁၀၄၃၀၄၆ မဲနှင့် ပိုသုံး/ အပိုလက်ကျန်မဲ ၂၇၄၆၅၀ သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်နှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်ခြင်းမရှိဘဲ မဲမသမာမှုများ ဖြစ်ပေါ်စေပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော မဲစာရင်းများစစ်ဆေးခြင်းနှင့် မဲလက်မှတ်များ မြေပြင်ကွင်းဆင်းစစ်ဆေး၍ တွေ့ရှိချက်များကို အသေးစိတ်ထုတ်ပြန်ကြေညာခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသောအချက်များကို တွေ့ရှိရပါကြောင်း၊ (က) ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအပေါ် အကြောင်းပြု၍ ကြိုတင်မဲပေးမှု ၂၁ ဒသမ ၃၈ ရာခိုင်နှုန်းအထိရှိပြီး ယခင်ရွေးကောက်ပွဲများထက် လွန်စွာများပြား၍ ဥပဒေနှင့် မညီသော ကြိုတင်မဲကောက်ခံမှုများကို တွေ့ရှိရခြင်း၊ (ခ) ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်လက်ကျန်များကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရခြင်း၊ (ဂ) ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများလက်ဝယ်တွင် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီးလက်ခံဖြတ်ပိုင်းများ ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရခြင်း၊ (ဃ) ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် လက်ကျန်ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီးလက်ခံဖြတ်ပိုင်းများကို ရွေးကောက်ပွဲပြီး နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ လာရောက်အပ်နှံခဲ့ခြင်းများကို စိစစ်တွေ့ရှိရခြင်း၊ (င) ကြိုတင်မဲများ၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရခြင်း၊ (စ) နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက်ပါဝင်ပြီး မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရခြင်း၊ (ဆ) ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များကိုအကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရခြင်း၊ (ဇ) ပုံစံ(၁) မဲစာရင်းစာအုပ်တွင် မဲဆန္ဒရှင်များ လက်မှတ်ရေးထိုးခြင်းမရှိဘဲ အမှန်ခြစ် အမှတ်အသားများရေးမှတ်၍ မဲလက်မှတ်များ ထုတ်ပေးခဲ့ကြောင်း စိစစ်တွေ့ရှိရခြင်း၊ (ဈ) မဲလက်မှတ်စာအုပ်တစ်အုပ်လျှင် စောင်ရေ ၅၀ သာ ပါဝင်ရမည်ဖြစ်သော်လည်း မဲလက်မှတ်များကို ရိုက်နှိပ်ဖြန့်ဝေစဉ်က မဲလက်မှတ်စာအုပ်များတွင် စောင်ရေအပိုများ ပါဝင်နေကြောင်း စိစစ်တွေ့ရှိရခြင်း၊ (ည) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့ခြင်း၊ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLDအစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရခြင်း၊ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ် နေထိုင်ခြင်း ရှိ/ မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရပါကြောင်း။

ထို့အပြင် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာရာတွင် မှားယွင်းမှုကို အကြောင်းပြု၍ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ် ခေါင်းဆောင်သည့် လဝကဝန်ကြီး၊ ကော်မရှင်၊ ထွေ/အုပ်၊ လဝက တို့ပါဝင်သော မဲဆန္ဒရှင်စာရင်း ပြည့်စုံ မှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း၊ ၎င်းအဖွဲ့၏ လုပ်ပိုင်ခွင့်ကိုအခြေခံ၍ အဆင့်ဆင့်သော NLD ပါတီ အောင်နိုင်ရေးအဖွဲ့များ၏ ဖိအားပေး၍ မဲစာရင်း ထည့်သွင်းစေခြင်းကို ရွေးကောက်ပွဲနီးချိန်အထိ ဆောင်ရွက်ခြင်းများကြောင့်လည်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက စိစစ်နိုင်ခြင်းမရှိဘဲ မဲစာရင်း ပိုမိုဖောင်းပွ မှားယွင်းခဲ့ခြင်းများကို သုံးသပ်တွေ့ရှိရပါကြောင်း။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် **"မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်များ၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်များ၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရပါကြောင်း၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၉ (ခ) အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ (ဋ) အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၉ ရက်မှစတင်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၀ ရက်အထိ ဆောင်ရွက်နိုင်ကြောင်း။

ယခင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားထုတ်ပြန် ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီအောင်နိုင်ရေးအဖွဲ့များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၈ ရက်နှင့် ညွှန်ကြားချက်ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၁ ရက်တို့တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့ပါကြောင်း၊

စာမျက်နှာ ၁၈ သို့ ✻

❋ စာမျက်နှာ ၁၇ မှ

ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ (၄) မဲဆန္ဒရှင်များဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့်မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ်စိစစ်မှု မပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရခြင်း၊ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံးရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည်လည်း မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ စိစစ်တွေ့ရှိရခြင်းများအားလုံး ခြုံငုံသုံးသပ်တွေ့ရှိရပါကြောင်း၊ စိစစ်တွေ့ရှိချက်များကိုလည်း နိုင်ငံပိုင်ရုပ်မြင်သံကြား၊ သတင်းစာများမှတစ်ဆင့် အထောက်အထားပြည့်စုံစွာဖြင့် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**စိစစ်ရန် ၂၁ မြို့နယ်ကျန်**

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည်များကို ရှင်းလင်းတင်ပြသွားမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးစီးသည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သွားရောက်၍ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ယခုအချိန်အထိ မြို့နယ်ပေါင်း ၂၉၄ မြို့နယ် စစ်ဆေးပြီးစီးပြီးဖြစ်၍ သတင်းဆက်လက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိစစ်ရန် ၂၁ မြို့နယ်ကျန်ရှိပြီး အဆိုပါမြို့နယ်များသို့ သွားရောက်စစ်ဆေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြုံတွေ့ရသော အားနည်းချက်များကို သုံးသပ်၍ နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို ပိုမိုကောင်းမွန်စွာ ကျင်းပဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် မေလ ၂၁ ရက်နေ့တွင် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ၍ နောင်ကျင်းပမည့်ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အချိုးကျကိုယ်စားပြုစနစ် PR အပါအဝင် မြန်မာနိုင်ငံနှင့် သင့်လျော်မည့် ရွေးကောက်ပွဲစနစ်အသုံးပြုနိုင်ရေး ဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**လူထုရင်ဖွင့်သံသတင်းဌာနမှ အယ်ဒီတာ ဦးမင်းခေါင်**က မဲစာရင်းစစ်ဆေးကြေညာချက်များတွင် ၁၅၉ မြို့နယ် စစ်ဆေးပြီးသည်ဟု အကြမ်းဖျင်းသိရကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲဝင်သော မြို့နယ်များအားလုံးကို မည်သည့်အချိန်တွင် အပြီးအပြတ်စစ်ဆေးနိုင်မည်ဟု ခန့်မှန်းထားပါသလဲ သိလိုကြောင်း၊ ထပ်မံသိလိုသည်မှာ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် နိုင်ငံခြားငွေကိစ္စနှင့် ပတ်သက်ပြီး ဦးဌေးအောင်က တိုင်ကြားထားသည်ဟု သိရကြောင်း၊ အမေရိကန်သံရုံးကလည်း အမေရိကန်ဒေါ်လာ ၄၆ သန်းကို နိုင်ငံရေးပါတီအပါအဝင် ရွေးကောက်ပွဲအတွက် အသုံးစရိတ်အနေဖြင့် ချထားပေးသည်ဟုလည်းသိရကြောင်း၊ အဆိုပါကိစ္စများနှင့် ပတ်သက်ပြီး UEC အနေဖြင့် ဥပဒေနှင့်အညီ နည်းလမ်းတကျ ဘယ်လိုစစ်ဆေးဖော်ထုတ်မလဲ ဆိုသည်ကို သိလိုကြောင်းမေးမြန်းသည်။



မြို့နယ်များတွင် မဲလက်မှတ်များ မြေပြင်စစ်ဆေးမှု မှတ်တမ်း ဓာတ်ပုံများ

**အမြန်ပြီးစီးအောင် ဆောင်ရွက်လျက်ရှိ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နံပါတ်တစ်ပါ လုပ်ဆောင်ချက်လုပ်ငန်းများကို ဆောင်ရွက်ကြောင်း ဦးစွာတင်ပြပြီးဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၉၄ မြို့နယ် တွေ့ရှိမှုများနှင့်ပတ်သက်၍ ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ မြို့နယ် ၂၉၄ မြို့နယ် စစ်ဆေးပြီးကြောင်း၊ ရွေးကောက်ပွဲကျင်းပသည်မှာ ၃၁၅ မြို့နယ်ဖြစ်သောကြောင့် စစ်ဆေးရန် ၂၁ မြို့နယ်သာကျန်ရှိကြောင်း၊ ယင်းကျန်ရှိသည့် မြို့နယ်များအား လက်ရှိစစ်ဆေးနေပြီး စစ်ဆေးခြင်းလုပ်ငန်းများကို ယခုလအတွင်း ပြီးစီးမည်ဖြစ်ကာ ထုတ်ပြန်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမြန်ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ငွေကြေးကိစ္စနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမှာကော နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ လိုက်နာရမည့်အချက်များရှိကြောင်း၊ နိုင်ငံရေးပါတီများ ရပ်တည်ပိုင်ခွင့်မရှိသည့် ဥပဒေပုဒ်မများလည်းရှိကြောင်း၊ ယင်းအထဲတွင် နိုင်ငံခြားငွေ အထောက်အပံ့ရယူခြင်းကိစ္စသည်လည်း ပါဝင်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း ဖြေကြားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် အဆိုပါသတင်းအချက်အလက်နှင့် ပတ်သက်ပြီး တိကျပြည့်စုံသည့် အချက်အလက်များရရှိပါက ဥပဒေနှင့်အညီ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**နေပြည်တော်တိုင်းမ်သတင်းဌာနမှ အယ်ဒီတာ ဦးမင်းမောင်**က UEC အနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် ဥပဒေများ ပြင်ဆင်ရန်ရှိသည်ဟု ကြားသိထားရသည့်အတွက် ဥပဒေပြင်ဆင်ရန် ရှိ၊ မရှိနှင့် ပြင်ဆင်မည်ဆိုပါက အဘယ်ကြောင့်ပြင်ဆင်ရသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို သုံးသပ်ဆောင်ရွက်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က UEC က ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြီးခဲ့သည့် ရွေးကောက်ပွဲကိုသုံးသပ်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်နိုင်ရေးအတွက် စိစစ်သုံးသပ်ဆောင်ရွက်လျက်ရှိသည်ကို ရှင်းလင်းတင်ပြပြီးဖြစ်ကြောင်း၊ အဖွဲ့အစည်းတစ်ခုတွင် ဥပဒေမူဘောင်သည် အရေးကြီးကြောင်း၊ အရေးကြီးသည့်အတွက်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ကြုံတွေ့ခဲ့ရသည့် ချို့ယွင်းအားနည်းချက်များအပေါ်မှာ သုံးသပ်ပြီး ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်သည့်လုပ်ငန်းစဉ်မှာလည်း အသစ်အဆန်းမဟုတ်ကြောင်း၊ ရွေးကောက်ပွဲတစ်ခုပြီးတိုင်း ပြီးတိုင်း Review ပြန်လုပ်ပြီး လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုလည်း ရွေးကောက်ပွဲတွင် မဲစာရင်းနှင့်ပတ်သက်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသည်မှာ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ မဲစာရင်းတွင်ပါဝင်သူဆိုလျှင် မဲပေး၍ရရှိကြောင်း၊ သို့သော်နည်းဥပဒေအရ အသေးစိတ်ဆောင်ရွက်သည့်အခါတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဆိုသည်မှာ သက်သေခံကတ်ပြား၊ သက်သေခံလက်မှတ်များရှိမှသာ တိကျမှန်ကန်မည်ဖြစ်ကြောင်း၊ အသက်လည်း တိကျမည်ဖြစ်ပြီး နိုင်ငံသားလည်းတိကျမည် ဖြစ်သည့်အတွက် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများတွင် အဆိုပါလက်မှတ်များ ကိုင်ဆောင်သည့်သူ ဆိုသည်မျိုး ထည့်သွင်းရန် စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပိုပြီးတိကျမှု၊ မှန်ကန်မှုရှိရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်ပြီး သုံးသပ်ခြင်းဖြစ်ကြောင်း၊ မဲစာရင်းပြုစုခြင်းအပိုင်းတွင်လည်း ဥပဒေအရ မဲစာရင်းများကို ရပ်/ ကျေးနှင့် မြို့နယ်ကော်မရှင်မှ ပြုစုရမည်ဖြစ်ကြောင်း၊ ယင်းသို့ပြုစုရာတွင် ရပ်/ ကျေးအုပ်ချုပ်ရေးမှူးက ကောက်သည့်မဲစာရင်းများ၊ လဝကစာရင်းတို့ကို အခြေခံ၍ပြုစုရကြောင်း၊ အမှန်တကယ်ကောက်ခံရာတွင် ရပ်/ ကျေးက တာဝန်ယူပြီး အဓိကဆောင်ရွက်သည့်အခါတွင် မှားယွင်းမှုများများစွာ ကြုံတွေ့ရကြောင်း၊ ထို့ကြောင့် ပိုပြီးစနစ်ကျစေရန် မဲစာရင်းများကိုပြုစုရာတွင် မြို့နယ်က တာဝန်ခံပြီး သက်ဆိုင်ရာထွေအုပ်၊ လဝကတို့ အကူ အညီရယူပြီး ပြုစုရန်လိုကြောင်း၊ ယင်းသို့ပြုစုရာတွင် ဆန္ဒမဲအတွက် သက်သေခံကတ်ပြားလည်းရှိရမည်၊ ယင်းဒေသတွင် အမှန်တကယ်နေထိုင်ကြောင်း အိမ်ထောင်စုစာရင်းလည်းရှိရန်လိုကြောင်း၊ ရပ်/ကျေး အိမ်ထောင်စုစာရင်းတွင်လည်း အမှန်တကယ်ရှိမည်ဆိုပါက ဖောင်းပွမှုများမဖြစ်ဘဲ မှန်မှန်ကန်ကန်တိတိကျကျဖြစ်ပြီး မဲစာရင်းများ ပြုစုခြင်းအပိုင်းကိုလည်း စနစ်တကျ ပိုမိုကောင်းမွန်မည့် အစီအစဉ်များရှိကြောင်း၊ အလားတူပဲ ရက်ပေါင်း ၉၀ အထက်မဲဆန္ဒနယ်ပြင်ပရောက်နေသူသည် သက်ဆိုင်ရာ ရောက်နေသည့် မဲဆန္ဒနယ်တွင် မဲပေးခွင့်ဆိုသည့်ကိစ္စသည် အမှန်တကယ် အဆိုပါ မဲဆန္ဒရှင်များသည် မူလနေရာတွင်လည်းပါရှိပြီး ပြောင်းရွှေ့နေထိုင်သည့်နေရာတွင်လည်း မဲပေးခွင့်စာရင်းတွင် ပါရှိနေသည့်အတွက် မဲစာရင်းများ ဖောင်းပွမှုရှိကြောင်း၊ ထို့အပြင် တိုင်းရင်းသားများအနေဖြင့် ၎င်းတို့ဒေသတွင် ယင်းပြောင်းရွှေ့နေထိုင်သူများ၏ မဲစာရင်းကြောင့် မိမိနယ်မြေဒေသ၏ သဘောဆန္ဒနှင့် ကွာဟမှုရှိနေသည်ကို တင်ပြခြင်းများရှိကြောင်း၊ ထို့ကြောင့် ရက် ၉၀ နှင့်အထက် မဲဆန္ဒနယ်ပြင်ပရောက်ရှိနေသည့် မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာရောက်နေသည့်ဒေသတွင် မဲပေးခွင့်ဆို သည့်ကိစ္စများကိုလည်း ပယ်ဖျက်ရန် လိုအပ်သည်အထိ စဉ်းစားထားကြောင်း၊ ထိုသို့ ပယ်ဖျက်မည်ဆိုပါက ၎င်းနှင့်ဆက်စပ်နေသည့် ဥပဒေများ၊ နည်းဥပဒေ များကိုလည်း ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဥပဒေတစ်ခုကို ဆောင်ရွက်ရာတွင် တိကျရမည်၊ မှန်ကန်မှုလည်းရှိရမည်၊ လက်ရှိအခြေအနေနှင့်လည်း ဆီလျော်မှန်ကန်မှုလည်းရှိရမည်၊ လက်တွေ့လည်း ကျရမည်၊ ထိုသို့ဥပဒေသများ၊ မူဝါဒများကို အခြေခံ ထား၍ ဆောင်ရွက်ရကြောင်း၊ အလားတူ ဥပဒေအရဆက်စပ်နေသည်များရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွေ၊ အခြားဥပဒေတွေ၊ ဥပဒေတစ်ခုတည်းမှာပဲ တခြားပုဒ်မများရှိခြင်းကြောင့် အဆိုပါဥပဒေများနှင့် လည်း လိုက်လျောညီထွေဖြစ်စေရန် စိစစ်ပြီးမှ ပြင်ဆင်ရေးကိစ္စများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာနိုင်ငံရေးပါတီများ၊

စာမျက်နှာ ၁၉ သို့ ❋

**မဲစာရင်းပြုစုရာတွင်လည်း ဆန္ဒမဲအတွက် သက်သေခံကတ်ပြားလည်းရှိရမည်၊ ယင်းဒေသတွင် အမှန်တကယ်နေထိုင်ကြောင်း အိမ်ထောင်စုစာရင်းလည်း ရှိရန်လိုကြောင်း၊ ရပ် / ကျေး အိမ်ထောင်စုစာရင်းတွင်လည်း အမှန်တကယ်ရှိမည်ဆိုပါက ဖောင်းပွမှုများ မဖြစ်ဘဲ မှန်မှန်ကန်ကန်တိတိကျကျဖြစ်ပြီး မဲစာရင်းများ ပြုစုခြင်းအပိုင်းကိုလည်း စနစ်တကျ ပိုမိုကောင်းမွန်မည့်အစီအစဉ်များရှိကြောင်း၊ အလားတူပဲ ရက်ပေါင်း ၉၀ အထက် မဲဆန္ဒနယ်ပြင်ပရောက်နေသူသည် သက်ဆိုင်ရာရောက်နေသည့် မဲဆန္ဒနယ်တွင် မဲပေးခွင့်ဆိုသည့်ကိစ္စသည် အမှန်တကယ် အဆိုပါ မဲဆန္ဒရှင်များသည် မူလနေရာတွင် လည်းပါရှိပြီး ပြောင်းရွှေ့နေထိုင်သည့်နေရာတွင်လည်း မဲပေးခွင့်စာရင်းတွင် ပါရှိနေသည့် အတွက် မဲစာရင်းများ ဖောင်းပွမှုရှိ။**

# မွန်ပြည်နယ်အတွင်းရှိ သဘာဝမြစ်ချောင်း ဆည်တမံ ရေလှောင်ကန်များတွင် ငါးသားပေါက်ကောင်ရေ ၁၅ သိန်း ထည့်သွင်းသွားမည်

**နေပြည်တော် မေ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မေ ၁၅ ရက် မွန်းလွဲပိုင်းတွင် ပေါင်မြို့နယ် ရင်းငြိမ်ချောင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး နှစ်လက်မအရွယ် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၅၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

ငါးသားပေါက်များကို သထုံငါးလုပ်ငန်းစခန်းက သားဖောက်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး မွန်ပြည်နယ်အတွင်းရှိ သဘာဝမြစ်ချောင်း ဆည်တမံ ရေလှောင်ကန်များတွင် ယနေ့အထိ ငါးသားပေါက်ကောင်ရေ သုံးသိန်း ထည့်သွင်းပြီးဖြစ်ကာ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅ သိန်း ထည့်သွင်းသွားမည်ဖြစ်သည်။ သထုံငါးလုပ်ငန်းစခန်းအနေဖြင့် ဒေသနေငါးမွေးတောင်သူများအတွက် ငါးသားပေါက်များ ထုတ်လုပ်ပေးခြင်း၊ ငါးမွေးမြူရေးဆိုင်ရာ နည်းပညာအကူအညီပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံ၏ စားနပ်ရိက္ခာပေါများရေး ဆောင်ရွက်ရာတွင် ငါးမွေးမြူရေးမှာ လွယ်ကူသည့် နည်းလမ်းဖြစ်သည့်အတွက် မြစ်ချောင်းအင်းအိုင်များတွင် ငါးမျိုးများ အမြောက်အမြား စိုက်ထည့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ထားကြောင်း၊ အလားတူ စိုက်ထည့်လိုက်သည့်ငါးများ ရှင်သန်မှုသေချာစေရန် ယခင်က တစ်လက်မအရွယ် ငါးသားပေါက်များ အသုံးပြုခဲ့သော်လည်း ယခုအခါ နှစ်လက်မအရွယ် ငါးသားပေါက်များဖြင့် ငါးမျိုးစိုက်ထည့်လျက်ရှိကြောင်း၊ အလားတူ ကမ်းနီးကမ်းဝေး ရေလုပ်သားများ၏ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် စွမ်းအားပြည့်လုပ်ငန်းကျွမ်းကျင်မှုရှိစေရေး အတွက် ရေလုပ်သားသင်တန်းများ ဆောင်ရွက်ပေးနိုင်ရေးနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






# အ ထ က (၂) လောက်ကိုင်မြို့ ပြန်လည်ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်

**လောက်ကိုင် မေ ၁၈**

လောက်ကိုင်မြို့ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ယနေ့နံနက်ပိုင်းတွင် ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းတွင်းသန့်ရှင်းသာယာရေး ဆောင်ရွက်ခြင်း၊ စာသင်ခုံနှင့် သင်ထောက်ကူပစ္စည်းများ နေရာချထားခြင်း၊ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးငြိမ်းချမ်းအေးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

❊ စာမျက်နှာ ၁၈ မှ

ပါဝင်သည့် Stakeholder များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အားလုံးပူးပေါင်း စဉ်းစားသုံးသပ်ပြီးမှ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးနန္ဒက** ကျင်းပခဲ့သည့် ရွေးကောက်ပွဲများက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်သူအကုန်ယူစနစ်ကို ကျင့်သုံးထားသည်ကိုသိရကြောင်း၊ အခု PR စနစ်ကို ပြန်လည်ပြင်မည်ဆိုပါက ၂၀၀၈ ခုနှစ် အခြေခံဥပဒေနှင့် In Line ဖြစ်မလား၊ နောက်ပြီး ဥပဒေကိုပြင်ဆင်မည်ဆိုပါက လွှတ်တော်များရပ်နားထားသည့်အတွက် ဥပဒေပြင်ဆင်မှုမှာ ပြည်သူကိုကိုယ်စားပြုသည့်လူများပါဝင်မှုသည် ဘယ်လောက်ဖြစ်မလဲ၊ လက်ရှိရွေးကောက်ပွဲစနစ်နှင့် ပြည်သူများက ယဉ်ပါးမှုရှိခါစဖြစ်သည့်အချိန်မှာ PR စနစ် ပြောင်းသွားမည်ဆိုပါက ပြည်သူများကို ပညာပေးမှုများအနေဖြင့် UEC က မည်သို့လုပ်ဆောင်သွားမည်ကို သိလိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရန် အချိန်လုံလောက်မှုရှိ/ မရှိ သိလိုပါကြောင်း၊ ပထမအကြိမ်လွှတ်တော်ကတည်းက ယင်းကိစ္စများကို ဆွေးနွေးပြီး အဖြေမပေါ်ခဲ့ခြင်းကြောင့် အခုလိုကာလတိုအတွင်းမှာ ဒါတွေကိုလုပ်မည်ဆိုပါက အဆင်ပြေနိုင်ပါ့မလား သိလိုကြောင်း၊ ၂၁ ရက်တွင် UEC နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲ၌ NLD ပါတီကိုဖိတ်ကြားထားပါသလားသိလိုကြောင်း မေးမြန်းသည်။

**အချိန်ကာလကန့်သတ်ချက်တချို့ လိုမည်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက** PR စနစ်နှင့်ပတ်သက်၍ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲများတွင်လည်း PR စနစ်နှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကို အကြမ်းဖျင်းရှင်းလင်းခဲ့ကြောင်း၊ အလားတူ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် နိုင်ငံရေးပါတီများကလည်း ယင်းနှင့်ပတ်သက်၍ တင်ပြခဲ့သည်များလည်း ရှိကြောင်း၊ PR နှင့်ပတ်သက်၍ နိုင်ငံရေးပါတီများကလည်း စာတမ်းများပြုစုပေးပို့ရန် ပြောသည့်အတွက် လက်ရှိအချိန်အထိ နိုင်ငံရေးပါတီကိုးခုမှ စာတမ်းများလည်း ရရှိပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း PR စနစ်ကျင့်သုံးနိုင်မှုအခြေအနေနှင့် ပတ်သက်၍ ယခင် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၅ ခုနှစ်များတွင် သုံးသပ်ထားသည့် စာတမ်းများလည်းရှိကြောင်း၊ အလားတူ လွှတ်တော်တွင်လည်း ၂၀၁၄ ခုနှစ်တွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှာလည်း PR စနစ်ကျင့်သုံးနိုင်ရေးနှင့်ပတ်သက်သည့် အစီရင်ခံစာများရှိကြောင်း၊ အမျိုးသားလွှတ်တော်တွင် PR နှင့်ပတ်သက်ပြီး လုပ်ဆောင်နိုင်သည့် အနေအထားမျိုးနှင့် အဆိုကို အတည်ပြုပြီး အကောင်အထည်ဖော်ရန်အဆင့်အထိ ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအခြေအနေမျိုးများကို လွှတ်တော်မှာရောကော်မရှင်မှာပါ ဆောင်ရွက်ထားသည့် အနေအထားရှိကြောင်း၊ ပါတီများ၏တင်ပြချက်များလည်း ရှိကြောင်း၊ အလားတူကော်မရှင်အနေဖြင့်လည်း လေ့လာသုံးသပ်ထားမှုများလည်း ရှိပြီးဖြစ်ကြောင်း၊ ဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဆိုလျှင် ဆောင်ရွက်၍ရသည့် အနေအထားမျိုးရှိကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့မှာလည်း လိုအပ်သည့် ဥပဒေပြင်ဆင်လိုက်ပါက ဆောင်ရွက်နိုင်သည့် အနေအထားမျိုးကို ကနဦးသုံးသပ်တွေ့ရှိထားကြောင်း၊ ထိုဥပဒေပြင်ဆင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများရှိပြီးဖြစ်သည့်အတွက် ပြင်ဆင်နိုင်သည့် ဥပဒေများကိုလည်း ပြင်ဆင်နိုင်ကြောင်း၊ နည်းဥပဒေကို ကော်မရှင်အနေဖြင့် ပြင်နိုင်ခွင့်ရှိသည့်အတွက် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင်နိုင်ကြောင်း၊ ယင်းကိစ္စများကိုလည်း သုံးသပ်ပြီးမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုအခြေအနေများကိုလည်း ကော်မရှင်အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ PR စနစ်နှင့် ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက သေချာလေ့လာရမည်ဖြစ်ကြောင်း၊ ဥပဒေမူဘောင်ကိုလည်း ကြည့်ရမည်ဖြစ်ကြောင်း၊ ပညာပေးမှုကိုလုပ်ဆောင်ရမည်ဖြစ်၍ အချိန်ကာလကန့်သတ်ချက်တချို့ လိုမည်ဖြစ်ကြောင်း၊ သို့သော်လည်း PR စနစ်တွင်လည်း မျိုးစုံရှိကြောင်း၊ ရှင်းလင်းလွယ်ကူသည့်နည်းများရှိသည့်အတွက် မြန်မာနိုင်ငံနှင့် သင့်လျော်မည်၊ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံနှင့် မြန်မာလူမျိုးများ၏ အခြေအနေနှင့် ကိုက်ညီသည့်စနစ်များဆိုလျှင် နိုင်ငံတော်၏အကျိုးအတွက် ဆောင်ရွက်ရမည့် အနေအထားမျိုးရှိကြောင်း၊ နိုင်ငံရေးပါတီများနှင့် ၂၁ ရက်တွင် တွေ့ဆုံမည့်ကိစ္စနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီအားလုံးကို ဖိတ်ကြားခြင်းဖြစ်သည့်အတွက် NLD ပါတီကိုလည်း ဖိတ်ကြားကြောင်း၊ ယခင်အစည်းအဝေးများတွင်လည်း ဖိတ်ကြားခဲ့ကြောင်း၊ နိုင်ငံရေးပါတီ ၉၃ ပါတီတွင် နှစ်ပါတီသည် ယာယီရပ်ဆိုင်းထားသဖြင့် ကျန် ၉၁ ပါတီအားလုံးကို ဖိတ်ကြားထားကြောင်း ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေးက** မိမိအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအားလေ့လာကြည့်ရာတွင် ပုဒ်မ ၄၀၇ နိုင်ငံရေးပါတီများရပ်တည်ခွင့်မှာ ပါတီတစ်ခုသည် တိုင်းတစ်ပါး၏ အထောက်အပံ့ရယူလျှင် ၄၀၇(ဃ) အရ နိုင်ငံရေးပါတီစည်းကမ်းချက်နှင့် မညီကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ မတရားအသင်းများကို ထောက်ခံလျှင်လည်း နိုင်ငံရေးပါတီ ဥပဒေနှင့်မညီကြောင်းကို လေ့လာတွေ့ရှိရကြောင်း၊ NUG အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့်အတွက် NLD ပါတီက NUG ကိုဖွဲ့စည်းခြင်း ကြေညာပြီးသည့်နေ့တွင် ၎င်းကို ထောက်ခံသည်ကို ကြေညာထားသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် NLD အနေဖြင့် နိုင်ငံရေးပါတီများရပ်တည်ခွင့်ကို ဥပဒေအရ ချိုးဖောက်နေသည်ကို တွေ့ရကြောင်း၊ ဒါတွေကို ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မည်သို့ဆုံးဖြတ်ချက်တွေချမည်ဆိုသည်ကို အများပြည်သူများ သိရှိစေရန် ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက** ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတင်းထောက်ကြီးပြောသွားသည့် ဥပဒေပြဋ္ဌာန်းချက်များရှိကြောင်း၊ ပုဒ်မ ၄၀၇ အရ နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ခွင့်ဆိုသည့် ပုဒ်မများရှိကြောင်း၊ ပုဒ်မ ၄၀၇ မှာနိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသည့်အထဲတွင် တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရလျှင် ရပ်တည်၍မရကြောင်း၊ နိုင်ငံတော်ကိုလက်နက်ဆွဲကိုင်တော်လှန်ပုန်ကန်နေသည့် သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သည့် အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသည့်အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊ နိုင်ငံခြားတိုင်းပြည်တစ်ခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအသင်းအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခုမှ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေးပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊ ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်းစသည့် အချက်လေးချက်ရှိကြောင်း၊ အဆိုပါအချက်လေးချက်ငြိစွန်းကြောင်းကို မှတ်ပုံတင်ခွင့်ပေးနိုင်သည့် အဖွဲ့အစည်းမှတွေ့ရှိပါက မှတ်ပုံတင်ခွင့်ပြုနိုင်သည့် အဖွဲ့အစည်းသည် UEC ဖြစ်ကြောင်း၊ ယင်းအချက်များနှင့်ငြိစွန်းသည်ကိုတွေ့လျှင် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါကြောင်း၊ အလားတူနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ တွင်လည်း ထိုအချက်အလက်များပါဝင်ကြောင်း၊ ထို့အတူ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၅ တွင်လည်း ရပ်တည်နိုင်ခွင့်မရှိသည့်ကိစ္စများ ပါဝင်ကြောင်း၊ ထို့ကြောင့် CRPH၊ NUG နှင့် PDF တို့အား နိုင်ငံတော်က အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားကြောင်း၊ ယင်းတို့နှင့်ဆက်စပ်ပြီး ဥပဒေများ၊ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသည်ဆိုပါက ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း၊ UEC အနေဖြင့် လက်ရှိအခြေအနေတွင် လုပ်ငန်းစဉ်(၁)ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်နေသည့် အနေအထားတွင် ရှိကြောင်း၊ UEC အနေဖြင့် ယင်းတို့ကို တွေ့ရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်ရှိကြောင်း ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

❒

# မေ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၄ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈ – ၅ – ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၉၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၀၄,၉၉၇) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၁၃၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၃၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၇၄၇၆၃၈ | ၂၇၂၀၂၃၀၉ | ၆၀၀၅၃၅ |
| ၂။ | အိန္ဒိယ | ၂၅၂၂၈၉၉၆ | ၂၁၅၉၆၅၁၂ | ၂၇၈၇၅၁ |
| ၃။ | ဘရာဇီး | ၁၅၆၆၁၁၀၆ | ၁၄၁၅၂၄၃၃ | ၄၃၆၈၆၂ |
| ၄။ | ပြင်သစ် | ၅၈၈၁၁၃၇ | ၅၁၅၂၃၇၀ | ၁၀၇၈၁၂ |
| ၅။ | တူရကီ | ၅၁၂၇၅၄၈ | ၄၉၆၁၁၂၀ | ၄၄၉၈၃ |
| ၆။ | ရုရှား | ၄၉၅၇၇၅၆ | ၄၅၇၂၂၆ | ၁၁၆၅၇၅ |
| ၇။ | ဗြိတိန် | ၄၄၅၂၇၅၆ | ၄၂၇၉၂၆၇ | ၁၂၇၆၈၄ |
| ၈။ | အီတလီ | ၄၁၆၂၅၇၆ | ၃၇၁၅၃၈၉ | ၁၂၄၂၉၆ |
| ၉။ | စပိန် | ၃၆၁၅၈၆၀ | ၃၃၃၃၅၈၇ | ၇၉၄၃၂ |
| ၁၀။ | ဂျာမနီ | ၃၆၀၈၂၉၂ | ၃၃၂၀၃၀၀ | ၈၆၈၇၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၄၈၂၃၀ | ၁၆၁၂၂၃၉ | ၄၈၄၇၇ |
| ၂။ | ဖိလစ်ပိုင် | ၁၁၅၄၃၈၈ | ၁၀၈၂၇၂၅ | ၁၉၃၇၂ |
| ၃။ | မလေးရှား | ၄၇၉၄၂၁ | ၄၃၂၆၀၀ | ၁၉၉၄ |
| ၄။ | မြန်မာ | ၁၄၃၁၃၁ | ၁၃၂၁၃၅ | ၃၂၁၃ |
| ၅။ | ထိုင်း | ၁၁၃၅၅၅ | ၆၉၉၁၈ | ၆၄၉ |
| ၆။ | စင်ကာပူ | ၆၁၆၅၁ | ၆၁၁၂၃ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၂၂၈၈၉ | ၁၄၃၄၃ | ၁၅၆ |
| ၈။ | ဗီယက်နမ် | ၄၅၁၂ | ၂၆၈၇ | ၃၇ |
| ၉။ | လာအို | ၁၆၃၈ | ၅၈၂ | ၂ |
| ၁၀။ | ဘရူနိုင်း | ၂၃၂ | ၂၂၀ | ၃ |

❂ **ကျောဖုံးမှ**

အဆိုပါနွေသီးနှံလျာထားကေများတွင် တောင်သူများစိုက်ပျိုးနိုင်ရန်အတွက် ခရိုင်၊ မြို့နယ်အလိုက် ရေတင်စခန်းများမှ ရေများပြည့်ဝစွာ သုံးစွဲနိုင်ရန် တစ်ပြေးညီစွာ မတ်လတတိယပတ်မှစတင်ပြီး ပေးဝေစိုက်ပျိုးနေကြောင်း၊ ယခုအချိန်ထိ စိုက်ပျိုးပြီးစီးနေသည့် ဧကမှာ ၁၁၀၀၀ ကျော်ရှိနေကာ ယခုလကုန်အပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် စိုက်ပျိုးရေများပြည့်ဝစွာသုံးစွဲနိုင်ရန် ရေတင်စခန်း ၃၃ ခုမှ ရေများဖြန့်ဝေပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဦးစီးအရာရှိ ဦးကျော်မြင့်က ပြောသည်။

“ကျွန်တော်တို့ရေတင်စခန်း ၃၃ ခုကနေပြီးတော့ တောင်သူတွေစိုက်ပျိုးမယ့် နွေသီးနှံစိုက်ကေတွေကို ရေပြည့်ဝစွာနဲ့ စိုက်ပျိုးနိုင်အောင် ပေးဝေနေတာပါ။ နွေစပါးစိုက်ကေအပြင် အခြားသီးနှံတွေလည်း ပါပါတယ်။ လျာထားစိုက်ကေကတော့ ၁၄၄၀၂ ကေပါ။ နှစ်စဉ်လိုလို တောင်သူတွေစိုက်ပျိုးတဲ့သီးနှံတွေအတွက် ရေအပြည့်အဝနဲ့စိုက်ပျိုးနိုင်စေဖို့ လိုအပ်ချက်ပြည့်မီအောင် ပေးဝေဆောင်ရွက်နေတာပါ” ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ရေတင်စခန်းများမှ ၂၀၂၀–၂၀၂၁ ခုနှစ် နွေသီးနှံစိုက်ကေများအတွက် နွေစပါးစိုက်ကေ ၃၅၁၈ ကေ၊ အခြားသီးနှံများစိုက်ကေ ၁၀၈၈၄ ကေ စုစုပေါင်း နွေသီးနှံစိုက်ကေ ၁၄၄၀၂ ကေတို့ကို တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် ရေများပြည့်ဝစွာ ပေးဝေနေသည့် ရေတင်စခန်းများမှာ ပုသိမ်ကြီးမြို့နယ်တွင် ရေတစ်စခန်း လေးခု၊ အမရပူရမြို့နယ်တွင် ရေတင်စခန်း လေးခု၊ မတ္တရာမြို့နယ်တွင် ဆည်တော်ကြီး၊ စဉ့်ကိုင်မြို့နယ်တွင် ရေတင်စခန်း ကိုးခု၊ မြစ်သားမြို့နယ်တွင် ရေတင်စခန်း တစ်ခု၊ တံတားဦးမြို့နယ်တွင် ရေတင်စခန်း တစ်ခု၊ ငါန်းဇွန်မြို့နယ်တွင် ရေတင်စခန်း သုံးခု၊ မြင်းခြံမြို့နယ်တွင် ရေတင်စခန်း လေးခု၊ တောင်သာမြို့နယ်တွင် ရေတင်စခန်း တစ်ခု၊ ညောင်ဦးမြို့နယ်တွင် ရေတင်စခန်းငါးခု စုစုပေါင်းရေတင်စခန်း ၃၃ ခုတို့မှ ရေများဖြန့်ဝေပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❃ **ကော့ကရိတ်မှ**

ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေကျပ်၂၈၄ ဒသမ ၈၂၂ သိန်းဖြင့် အလျား ၁၂ ပေ၊ အနံပေ ၉၀၊ အမြင့် ၃၆ ပေရှိ Steel Structure မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းကို Htut & Family Co., Ltd. မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အဆိုပါမိုးလုံလေလုံအားကစားရုံကို ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးလုံလေလုံအားကစားရုံကို ဆောက်လုပ်ပြီးစီးပါက အဆိုပါအားကစားရုံတွင် ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်အပြင် ဂျူဒိုစသည့် အားကစားနည်းများကို ကစားနိုင်မည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**စောအောင်မျိုးလွင်(ပြန်/ဆက်)**

❍ **၂၀၂၂ ခုနှစ်မှ**

လက်ခံကျင်းပခွင့်ရထားသည့် ထိုင်းနိုင်ငံကသာ ဆက်လက်လက်ခံကျင်းပသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင်ကျင်းပပါက အားကစားနည်းငါးမျိုးတွင်သာ ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း လာမည့်နှစ်သို့ ရွှေ့ဆိုင်းလိုက်သောကြောင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း အပြောင်းအလဲဖြစ်ဖွယ်ရှိနေသည်။

မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ပုံမှန်ကျင်းပနေသည့် အားကစားပြိုင်ပွဲများအပြင် ယခုနှစ်တွင် မကျင်းပနိုင်ဘဲ ရွှေ့ဆိုင်းထားသည့် အားကစားပြိုင်ပွဲများလည်း ယှဉ်ပြိုင်ရမည်ဖြစ်ရာ နိုင်ငံတကာအားကစားပြိုင်ပွဲ လေးခုနှင့်အထက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။


**ကိုညီလေး**



# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်  မေ ၁၈**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဦးဇော်ဝင်း | ကျောင်းအုပ်၊ အထက-ခွဲ (ကြက်ယက်တွင်း)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဦးဝေယံစိုး | ကျောင်းအုပ်၊ အမက(ချောင်းဖျားကြီး)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဦးဝေယံအောင် | ကျောင်းအုပ်၊ အမက(ဖောင်တော်ကန်)၊ တိုက်ကြီးမြို့နယ် | တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်ကြူကြူဇက် | ကျောင်းအုပ်၊ အမက(သစ်ပင်ဆိပ်)၊ သုံးခွမြို့နယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ဝေဖြိုးဦး | ကျောင်းအုပ်၊ အမက(ရွှေတောင်ပိုင်းစု)၊ ဘုရားသုံးဆူမြို့နယ် | ဘုရားသုံးဆူမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၆ | ဦးမျိုးဇော်ဦး | ကျောင်းအုပ်၊ အထက-ခွဲ(ကတန်)၊ ကျွန်းစုမြို့နယ် | မုဒုံမြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၇ | ဦးစောမျိုးကိုကို | နည်းပြ၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်)၊ မအူပင်မြို့ | မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်ပိုးအိစံ | အထက်တန်းပြ၊ အထက(၁)၊ ထန်းတပင်မြို့နယ် | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဦးမျိုးကို | အထက်တန်းပြ၊ အထက(၂)၊ လယ်ဝေးမြို့ | လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၁၀ | ဦးအာကာစိုး | မူလတန်းပြ၊ အမက(ဖက်ညံ)၊ လယ်ဝေးမြို့နယ် | လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်  မေ ၁၈**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်သန်းသန်းထိုက် (အထက်တန်းသူနာပြု) | ပျဉ်းမနား ပြည်သူ့ဆေးရုံ | ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါ်ငြိမ်းအိနိုင် (အထက်တန်းသူနာပြု) | လယ်ဝေး ပြည်သူ့ဆေးရုံ | ဒီးမော့ဆိုမြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၃ | ဒေါ်သဲနုထွေး (အထက်တန်းသူနာပြု) | ဗန်းမော် ပြည်သူ့ဆေးရုံ | ဗန်းမော်မြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၄ | ဒေါ်စန်းစန်းလွင် (အထက်တန်းသူနာပြု) | တောင်ကြီး စဝ်စံထွန်းဆေးရုံ | တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၅ | ဒေါ်ယဉ်မျိုးဆွေ (အထက်တန်းသူနာပြု) | သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ | သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်အေးပွင့်သူ (အထက်တန်းသူနာပြု) | တနင်္သာရီ ပြည်သူ့ဆေးရုံ | တနင်္သာရီမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်ကေသီအေး (သူနာပြု) | မိုးညှင်းခရိုင် ဆေးရုံ | မိုးညှင်းမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၈ | ဒေါ်နန်းစံခမ်း (သူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၉ | ဒေါ်အယ်နာထွန်း (သူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၁၀ | ဒေါ်နွေးနွေးသိမ့် (သူနာပြု) | ကောလင်း ပြည်သူ့ဆေးရုံ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်ရှိ မြို့နယ်အချို့၌ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁၈**

ချင်းပြည်နယ်ရှိ မြို့နယ်အချို့၌ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။


**ပစ်ခတ်တိုက်ခိုက်**

ထိုသို့ တိုက်ခိုက်ခဲ့ရာတွင် မေ ၁၇ ရက် ညနေ ၆ နာရီခွဲခန့်တွင် ဟားခါးမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား လက်နက်ကိုင်သောင်းကျန်းသူအင်အား ၃၀ ခန့်က လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် ဂိတ်၏အနောက်ဘက်နှင့် တောင်ဘက်တို့မှလည်းကောင်း၊ ဟားခါးမြို့ရှိ နယ်မြေခံတပ်ရင်းအား လက်နက်ကိုင်သောင်းကျန်းသူအင်အား ၁၅ ဦးခန့်က လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် တပ်ရင်း၏ တောင်ဘက်မှလည်းကောင်း လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ လက်နက်ကိုင်သောင်းကျန်းသူများမှာ လောက်လုံကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားသည်။

**ထိခိုက်မှုမရှိ**

အလားတူ ည ၇ နာရီ မိနစ် ၅၀ တွင် ကန်ပက်လက်မြို့ မြို့မ(၂)ရပ်ကွက်ရှိ မြို့မရဲစခန်းအား လက်နက်ကိုင် သောင်းကျန်းသူများက ရဲစခန်း၏ အရှေ့တောင်ဘက်မှ လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် လက်နက်ကိုင်သောင်းကျန်းသူများမှာ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကန်ပက်လက်မြို့မရဲစခန်းအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က လာရောက်ပစ်ခတ်တိုက်ခိုက်မှု မှတ်တမ်းဓာတ်ပုံ။



# ရေးမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဟိုပုံးမြို့နယ်၌ ငွေကျပ်သိန်း ၇၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၈**

ရေးမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဟိုပုံးမြို့နယ်၌ ငွေကျပ်သိန်း ၇၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက် မွန်းလွဲ ၃ နာရီတွင် ရေးမြို့နယ် မော်လမြိုင်-ရေး သွားကားလမ်း ကီလိုမီတာတိုင်အမှတ် ၁၅၀ အနီးတွင် သံဖြူဇရပ်မှ ရေးသို့ စောမောင်သိန်း မောင်းနှင်လာသည့်ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများကို ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ မွန်ပြည်နယ် ရေးမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် ဟိုပုံးမြို့နယ် ဟိုပုံး-လွိုင်လင်သွားကားလမ်း လွယ်ဝိုးတုတ်ကျေးရွာအနီးတွင် ပြည့်ဖြိုးမင်း(ခ)ကိုမင်း မောင်းနှင်လာသည့် ဆိုင်ကယ်အား သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၇၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် တောင်ကြီးမြို့ သစ်တောရပ်ကွက် ဗိုလ်ချုပ်လမ်း စူဠာမုနိဘုရားအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ခံမည့်သူ မနှင်းအိဖြူကို မော်တော်ယာဉ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာမှ ရန်ကုန်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့်လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို ဆက်လက်ဖော်ထုတ်သိမ်းဆည်းလျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၃ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရဲဘော်ကြီးကျေးရွာနေ မျိုးမြင့်(စိစစ်ဆဲ)၏ တောင်ယာတဲများအတွင်းမှ ၎င်း၏သားဖြစ်သူ မျိုးလွင်ဦး (၃၁)နှစ် (ဘ)ဦးမျိုးမြင့်အား PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ်နှစ်လက်နှင့် အကြမ်းဖက်ရာတွင်အသုံးပြုသော အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကြိမ်နီစမ်းကျေးရွာရှိ လူမနေသည့် ခြံဝင်းအတွင်း၌ အရှည် လေးပေခန့်ရှိ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်လေသေနတ် တစ်လက်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၅ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ် (၄)ရပ်ကွက် ကန်သာယာဝင်းအတွင်းရှိ ကားပါကင်၌ မသင်္ကာဖွယ်တွေ့ရှိသူ အဆိုပါ ရပ်ကွက်နေ နိုင်လင်း(၁၉)နှစ်(ဘ)ဦးသိန်းဇော်ပါ အမျိုးသား ခြောက်ဦးတို့ကို စစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ လက်လုပ်မိုင်း နှစ်လုံးကို တွေ့ရှိရသဖြင့် အဆိုပါ အမျိုးသား ခြောက်ဦးအား ထိန်းသိမ်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# စဉ့်ကိုင်မြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြောင်းမဲ့ဝင်ရောက် သတ်ဖြတ်၊ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ ရေနံ့နှင့် သဘာဝဓာတ်ငွေ့စက်ရုံ၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို မေ ၅ ရက်တွင် အကြမ်းဖက်သူများက အကြောင်းမဲ့ဝင်ရောက် အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး ထိခိုက်ဒဏ်ရာရရှိကာ ကျဆုံးခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်သည့် အကြမ်းဖက်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်တွင် ကျူးလွန်သူများအနက်မှ ဇင်မျိုးထွေး (ခ)မျိုးဇော်(ခ)ထွေလာဂျီအား Top Myanmar ပီနံအိတ်စက်ရုံ၌လည်းကောင်း၊ မေ ၁၆ ရက်တွင် ကျော်ဇင်လတ်(ခ) ကျော်ငွေ(ခ)ဇင်လတ်၊ ဖြိုးမောက်၊ ဇော်ပိုင်မွေး၊ ဂျစ်တူး၊ စန်းထူးဝေ(ခ)ဖိုးတရုတ်၊ ထွန်းကို၊ ကျော်စိုးဝင်း(ခ) ကုလားကြီး၊ မောင်ထိုက်တို့ကို ၎င်းတို့၏ နေအိမ်အသီးသီး၌လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

**ဆောင်ရွက်လျက်ရှိ**

အဆိုပါ ဖမ်းဆီးရမိသူများကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးလွတ်မြောက်နေသည့် ဦးဆောင်သူများနှင့် အကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ဖမ်းဆီးရမိ အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့စစ်ဆေးရှာဖွေမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အုပ်ချုပ်ရေးမှူးရုံးအတွင်းရှိ ပြည်သူပိုင်ပစ္စည်းများကို ဝင်ရောက်ဖျက်ဆီးခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၁၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျော်ကျော်ဖြိုး(ခ)ကိုဖြိုး (ဘ) ဦးမောင်ဝင်း၊ ဇော်ဇော် (ခ)ဖိုးဇော်(ဘ)ဦးအေးဝင်း၊ မျိုးကျော်ဦး (ခ) ကြက်ဥ(ဘ)ဦးအေးလွင်၊ မမင်းမင်းလတ် (ဘ) ဦးဌေးဝင်း၊ မစိုးနန္ဒာဖြိုး(ခ)အကြီးမ(ဘ)ဦးဇော်မင်းလတ်၊ မအေးနန္ဒာစိုး(ခ) အငယ်မ(ဘ)ဦးဇော်မင်းလတ်၊ ဇော်မင်းလတ်(ဘ)ဦးဌေးဝင်း၊ စံပွား(ဘ) ဦးမောင်ဝင်း၊ စီပေါ(ဘ)ဦးသန်းအေးနှင့် စံပေါ(ဘ) ဦးသန်းအေးတို့သည် မတ် ၁၄ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား အလိုမရှိကြောင်း ကြွေးကြော်အော်ဟစ်ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ နံရံများကို ဖျက်ဆီးပြီး ရုံးခန်းအတွင်းသို့ ဝင်ရောက်၍ ရုံးသုံးပရိဘောဂပစ္စည်းများအား ပြည်သူပိုင်ပစ္စည်းမှန်း သိပါလျက် ရိုက်ချိုး၊ ဖျက်ဆီးခဲ့ခြင်းဖြင့် ပြည်သူပိုင်ပစ္စည်းကို ဖျက်ဆီးမှု ပြုလုပ်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ-၆(၁) အရ ၎င်းတို့အား မေ ၄ ရက်တွင် **"အလုပ်နှင့်ထောင်ဒဏ် (၇)နှစ်" စီ အမိန့်ချမှတ်**လိုက်ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူ ၁၀ ဦးအနက် ဇော်မင်းလတ်(ဘ)ဦးဌေးဝင်း၊ စံပွား(ဘ)ဦးမောင်ဝင်း၊ စီပေါ(ဘ)ဦးသန်းအေးနှင့် စံပေါ(ဘ)ဦးသန်းအေးတို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများအား မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ



တရားခံ မျိုးကျော်ဦး (ခ) ကြက်ဥ၊ ကျော်ကျော်ဖြိုး၊ ဇော်ဇော်(ခ)ဖိုးဇော်၊ မမင်းမင်းလတ်၊ မစိုးနန္ဒာဖြိုး (ခ)အကြီးမ၊ မအေးနန္ဒာစိုး(ခ)အငယ်မ(ဝဲမှယာ)။

ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးအား မသမာသူလူတစ်စုက မီးပုလင်းဖြင့်ပစ်ပေါက်ခဲ့၍ မီးလောင်ပျက်စီးဆုံးရှုံး

**နေပြည်တော် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးအား မသမာသူလူတစ်စုက မီးပုလင်းဖြင့်ပစ်ပေါက်ခဲ့၍ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၇ ရက် နံနက် ၄ နာရီ ၂၅ မိနစ်ခန့်တွင် ပေါက်ခေါင်းမြို့နယ် အမှတ် (၄)ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသက်ခဲ့ရာ ၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အလျား ပေ ၄၀၊ အနံ ပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ကာတစ်ထပ် ပညာရေးမှူးရုံးအဆောက်အအုံ တစ်လုံး၊ ရုံးအတွင်းရှိ စာရွက်စာတမ်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းများ မီးလောင် ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ဖြစ်စဉ်အားစိစစ်ခဲ့ရာ အဆိုပါရုံး၏ ညစောင့်ဖြစ်သူ ဦးရန်နောင်ဝင်း (ခ) အငယ်လေး (၃၃)နှစ် (ဘ) ဦးတင်ဝင်းနှင့် ၎င်း၏ဇနီးဖြစ်သူတို့ ရုံးဝင်းအတွင်းရှိ အဆောင်၌ အိပ်ပျော်နေစဉ် ရုံး၏အနောက်ဘက်မှ ပုလင်းကွဲသံများကြားရသဖြင့် သွားရောက်ကြည့်ရှုရာ အဆိုပါရုံးမီးလောင်ကျွမ်းနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

ပညာရေးမှူးရုံးအား မီးလောင်ပျက်စီးစေရန် မီးပုလင်းများဖြင့် ပစ်ပေါက်မီးရှို့ခဲ့သည့် မသမာသူလူတစ်စုအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နှင့် ကွတ်ခိုင်မြို့နယ်အတွင်းတို့၌ ကုန်ပစ္စည်းများနှင့် စက်သုံးဆီများ တင်ဆောင်လာသည့် မော်တော်ယာဉ်များကို KIA အဖွဲ့က အကြောင်းမဲ့မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ တနိုင်းမြို့ရှိ တိမ်လွှာနန်းကုမ္ပဏီသို့ ကုန်ပစ္စည်းများ ပို့ဆောင်ရန် ယာဉ်မောင်း အာကာ(ဘ) ဦးတင်ဌေ မောင်းနှင်၍ သဲကိုအောင် (ဘ)ဦးစိုင်းကျော်စွာအောင်လိုက်ပါလာသည့် ယာဉ်အမှတ်၊ 1C/---- ၊၁၂ ဘီးယာဉ်သည် မေ ၁၇ ရက် ညနေ ၄ နာရီခန့်တွင် မြစ်ကြီးနား-တနိုင်းကားလမ်းပေါ်ရှိ တိန်ကောက်ကျေးရွာ၏တောင်ဘက် နှစ်မိုင်ခွဲခန့်အကွာရှိ ကျားထိန်းသိမ်းရေးစခန်းဟောင်းနေရာသို့ အရောက်၌ လက်နက်ငယ်များ ကိုင်ဆောင်ထားသည့် KIA အဖွဲ့က ရပ်တန့်ခိုင်းပြီး ပစ္စည်းအချို့အားယူဆောင်ကာ မော်တော်ယာဉ်နှင့် ကုန်ပစ္စည်းများအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ပြီး အာကာနှင့် သဲကိုအောင်တို့ နှစ်ဦးကို ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်း မူဆယ်မြို့ဘက်မှ လားရှိုးမြို့သို့ ပို့ဆောင်ရန် ထွက်ခွာလာသည့် ခြူးကမ္ဘာကုမ္ပဏီလီမိတက်မှ ဆီဘောက်ဆာ ၂၂ ဘီးယာဉ် ယာဉ်အမှတ်၊ MDY 9M/-- သည် ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် နမ့်ပါချီကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာသို့အရောက်၌ လက်နက်ငယ်များ ကိုင်ဆောင်ထားသည့် KIA အဖွဲ့က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး မော်တော်ယာဉ်အား တားဆီးသဖြင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ နှစ်ဦးမှာ ယာဉ်ပေါ်မှ ဆင်းပြေးသွားခဲ့ကြောင်းနှင့် အဆိုပါ ဆီဘောက်ဆာယာဉ်အား KIA အဖွဲ့က အကြောင်းမဲ့ မီးရှို့ဖျက်ဆီးကာ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ရင်ဆိုင်ကြုံတွေ့လာရနိုင်**

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသော တရားမဝင်အဖွဲ့အစည်းများကို ထောက်ခံရေးသားလျက်ရှိသည့် အချို့မီဒီယာများတွင် မြန်မာ့တပ်မတော်၏ လေယာဉ်ဆီများ တင်ဆောင်လာသည့် ယာဉ်တန်းကို KIA အဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဖော်ပြထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရသည်။ ဖြစ်စဉ်မှာ တပ်မတော်၏ ဆီသယ်ယာဉ်တန်းကို တိုက်ခိုက်ခဲ့ခြင်းမဟုတ်ဘဲ ဒေသခံပြည်သူလူထုများ အသုံးပြုရန်အတွက် တိမ်လွှာနန်းကုမ္ပဏီနှင့် ခြူးကမ္ဘာကုမ္ပဏီလီမိတက်တို့မှ သယ်ဆောင်လာသည့် စက်သုံးဆီများသာဖြစ်ပြီး ယခုကဲ့သို့ KIA အဖွဲ့က အကြမ်းဖက်မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသအတွင်း စက်သုံးဆီပြတ်လပ်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့လာရနိုင်သဖြင့် အဆိုပါလုပ်ရပ်အပေါ် ဒေသခံပြည်သူများက ရွံရှာစက်ဆုပ်လျက်ရှိကြောင်းနှင့် အဆိုပါနေရာများတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ အသီးသီးတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းကို အကြမ်းဖက်သူများက မီးရှို့

**နေပြည်တော် မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းကို မေ ၁၇ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် အကြမ်းဖက်သူများ၏ မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ည ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ကွန်ပျူတာဆောင် မျက်နှာကြက်များ မီးလောင်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်းလိုက်လံစုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# မြို့နယ်အချို့၌ ပြည်သူများက တူမီးသေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ



**နေပြည်တော် မေ ၁၈**

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများက ၎င်းတို့၏ သဘောဆန္ဒအလျောက် တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိရာ မေ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စမ်ချောင်းကျေးရွာအုပ်စုမှ ဒူးလေး ရှစ်လက်၊ မြားတံ ၁၂ ချောင်းအား လည်းကောင်း၊ မေ ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ချောင်းဖျားကျေးရွာအုပ်စုမှ တူမီးသေနတ် ငါးလက်အားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လက်လုပ်တူမီးသေနတ် ၂၄ လက်အားလည်းကောင်း ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ပြည်သူလူထုမှ လာရောက်အပ်နှံသော တူမီးသေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အောင်မြင်ခြင်း၏ဘုရင်

## ပီမိုးနင်း

အများအားဖြင့် စဉ်းစားဉာဏ်ကို မသုံးကြသည်မှာ အလွယ်လမ်းကိုလိုက်ခြင်းကြောင့် ဖြစ်လေသည်။ တစ်စုံတစ်ယောက် တစ်ခုခုကို စထွင်၍လုပ်သည့်အခါ အလွယ်လမ်းလိုက်သူတွေက ဝိုင်း၍တုကြ၏။ ၎င်းတို့သည် စဉ်းစားခြင်းအလုပ်ကို ပင်ပန်းခံ၍ မလုပ်။ လုပ်ရန်လည်းမလိုဟု သဘောထားကြလေသည်။ အကြောင်းမူကား ထွင်၍ထားသောလမ်းကို လိုက်ဖို့သာလိုသည်ဟု သဘောထားကြလေသည်။ သို့ဖြစ်လေရာ ထွင်သောသူတစ်ယောက်နောက်လိုက်သူ တစ်ရာ၊ တစ်ထောင် ဖြစ်လေသည်။ ထွင်သူကား စဉ်းစားဉာဏ်သမားတစ်ယောက်သာ ဖြစ်၏။ တုပသော မစဉ်းစားသူတို့မှာကား ရာထောင်မက များကြလေသည်။

ထိုကဲ့သို့သော အစုအဝေး၌ စဉ်းစားဉာဏ်ကို သုံးသူသည် စွဲမြဲခြင်း၊ ဖွဲသန်ခြင်း၊ လုံ့လဝီရိယနှင့် ဖြောင့်မှန်ခြင်း၊ ဉာဏ်သတ္တိဂုဏ်များရှိဖို့သာ လိုလေသည်။ ထိုသူသည် လူတို့ထိပ်တင် အောင်မြင်ကြီးပွားခြင်း၏ ဘုရင်ဖြစ်ရမည်မလွဲတည်း။ လူအများတို့၏ ပူဇော်ခြင်းကို ခံရမည် မလွဲတည်း။ လူအများတို့၏ ချီးမြှောက်ခြင်းကို ခံရမည်မလွဲတည်း။

### လူမတန်ကံချ

စီးပွားရေး၌လည်းကောင်း၊ ကျန်းမာရေး၌လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာရေး၌လည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေး၌လည်းကောင်း အမှတ်သညာနှင့် စဉ်းစားဉာဏ်ကြီးသူသည် တောင်ထိပ်၌ မီးထွန်းသလို အဘယ်မှာမဆို ထင်ရှားရမည်။ ကံကြမ္မာနှင့် လုံးလုံးမဆိုင်ကြောင်း ပုံသေစိတ်ချယုံကြည်ကြရမည်။

လောကကြီးပွားရေး၌ ကံကိုသာ မစွဲဖို့ အကြောင်းကို ယခုအခါ မြန်မာလူမျိုးများ ယုံကြည်စ ပြုကြလေပြီ။ သို့သော်လည်း နှစ်နှစ်ကာကာ ယုံသည်ဟု မဆိုနိုင်သေးပေ။ အကြောင်းမူကား ပျက်စီးသူ၊ ဆင်းရဲသူ၊ ဒုက္ခတွေ့သူတို့အနက် ငါမှားလို့၊ ငါမိုက်လို့ဟု ဝန်ချသူ လွန်စွာနည်းလိမ့်မည်။ ကံပဲလေ ဟူသောစိတ်နှင့် ဖြေသူသာ များလေသည်။

ဤနည်းသည် တစ်နည်းအားဖြင့် စိတ်ကို ဖြေရန်အတွက် နည်းကောင်းဖြစ်သော်လည်း ပြန်၍ ဖြစ်အောင်လုပ်လိုသောစိတ်အားထက်သန်တော့မည်မဟုတ်ပေ။ အကြောင်းမူကား ကံဆိုသည်မှာ စိတ်မချရသောအရာဖြစ်ရာ တစ်ဖန်ဖြစ်အောင် ကြိုးစားပေမယ့် ဖြစ်ချင်မှဖြစ်မှာ ကံအဘယ်ပုံလာမည်ကို မသိနိုင်ဟူသောစိတ်က အတွင်းစိတ်၌ ပေါ်ပေါက်ကာ အကြံအစည်အလုပ်အကိုင်ကို အားမပေးရုံမက အားယုတ်အောင်၊ အားပျက်အောင် ပြုနိုင်လေသည်။

ယုံကြည်ခြင်းသည် စိတ်အားကို တိုးစေ၏။ အလုပ်တစ်ခုခုကို သေချာစွာစဉ်းစားပြီး ငါကေန်ဖြစ်မြောက်မှာပဲဟူသော အသိကို ပိုင်သောသူသည် လုပ်ရခြင်း၌ အားတက်၏။ ဖြစ်မှဖြစ်မှာ "ကံမရှိ၊ ဉာဏ်ရှိတိုင်းမွဲ" ကြိုးစားတိုင်းလဲတာပဲ။ ဟန်မှ ဟန်ပါ့မလားဟူသော သွေးဆုတ်သော မီးယပ်စိတ်သည် စိတ်အားကိုယ်အားကို အမြဲဖျက်ဆီး၍နေရာ အောင်မြင်ခြင်းနှင့် ဗီလာဖြစ်၍ နေလေသည်။ ထိုအခါ သတိရော၊ စဉ်းစားဉာဏ်ရော ဆုတ်ယုတ်ရလေသည်။ စဉ်းစားကြံစည်သော်လည်း ဖြစ်ချင်မှဖြစ်မည်ဟူသောစိတ်က ကာဆီး၍နေလေသည်။

ငါစာကျက်ရင်အောင်မှာပဲ၊ စာရလျှင်စာမေးပွဲအောင်မှာပဲဟု ယုံကြည်စွာကျက်မှတ်သင်ကြားကြသောကြောင့်သာ စာမေးပွဲအောင်သူတွေ များကြလေသည်။ ကံကိုသာ အားကိုးကြချေက ပင်ပန်းခံ၍ ကျက်ကြမည်မဟုတ်ပေ။

လယ်ထွန်သူတို့သည်လည်း ကံကိုသာ အားကိုးကြချေက ပင်ပန်းစွာ ထွန်ကြမည်မဟုတ်ပေ။ သို့ဖြစ်လေရာ မြန်မာလူမျိုးတို့၏စိတ်၌ မလွဲသာမကင်းသာမှသာ ဉာဏ်ဝီရိယကို အားကိုး၏။ လွဲကင်းသာက ကံကို လက်မလွှတ်ကြပေ။ လယ်သမားသည် အခြားအရာများ၌ ကံကိုယုံသော်လည်း စပါးကိုကား လယ်ထွန်၍စိုက်မှရမည်။ မစိုက်လျှင် ကံလာ၍ ပေးမည်မဟုတ်ဟူသော မလွဲမရှောင်သာသော အရေး၌ ဉာဏ်ဝီရိယကို လုံးလုံးဖက်ပြီး နဖူးကချွေးခြေဖျားကိုထိအောင် ကြိုးစားကြလေသည်။ ကျန်းမာခြင်းနှင့် နာခြင်း၊ သေခြင်းမှာကား လက်ငင်းတော်မည့်ဘေး။ ကျွဲ၊ နွား၊ အိမ်ခြေ မောင်းထုခံရမည့်ဘေးလောက် အရေးမကြီး၊ ကျိန်းလည်းမသေသဖြင့် နေသာထိုင်သာသောကြောင့် ကံပဲ၊ သေနေ့စေ့လျှင် သေမှာပဲဟူသောအနေဖြင့် အေးအေးပေ့ါပေ့ါ နေကြလေသည်။ သို့ဖြစ်လေရာ မကြာမကြာ သေနေ့ကြုံကြရလေသည်။

### စဉ်းစားဉာဏ်၏အကျိုး

သို့ဖြစ်လေရာ လူ့ပြည်၌ ထင်ပေါ်ကျော်ကြား ဂုဏ်သတင်းကြီးမားခြင်းကို မည်သူမဆို လိုလားသော်လည်း အရေးအကြီးဆုံးဖြစ်သော သညာနှင့် စဉ်းစားဉာဏ်ကို ထိထိရောက်ရောက် မသုံးကြချေက စွပ်မိမှ ကြီးပွားဖို့ရှိရာ ထိုသတ္တိများကို တကယ်အသုံးပြုသူမှန်က တကယ်အမှန် ထူးခြားသော အကျိုးကို ခံစားရမည်ဟု ပုံသေစွဲမှတ်ဖို့လိုလေသည်။

စဉ်းစားဉာဏ် လေ့ကျင့်ခြင်းများသူသည် စဉ်းစားဉာဏ်အရာ၌ လျင်မြန်၏။ အဘယ်သို့သော အခြေအနေ၌ ဘာကိုလုပ်ရမည်၊ ဘယ်လိုပြောရမည်ဟူ၍ လျင်မြန်စွာဆုံးဖြတ်ချက်ချနိုင်လေသည်။

များစွာသောသူတို့သည် အဘယ်သောအခါ၌ အဘယ်သို့ပြောရမည်။ အဘယ်ပုံလုပ်ရမည်ဟူ၍ပင် ဆုံးဖြတ်ခြင်းကို မပြုနိုင်ကြပေ။

ထိုလူမျိုးသည် အမှတ်သညာနည်းပါး၊ စဉ်းစားဉာဏ်ကို များစွာမသုံးသူများဖြစ်ကြသဖြင့် မသုံးသောဓားမှာ သံချေးတက်သည့်အလား စဉ်းစားဉာဏ် အသွားမသွက်၊ အခက်အခဲနှင့် မတွေ့ကြုံသင့်ဘဲ လျက် တွေ့ကြုံကြရလေသည်။

### တရားသဖြင့် ရဲရင့်ခြင်း

စဉ်းစားဉာဏ်ကို လေ့ကျင့်ရာ၌ အဘယ်ကဲ့သို့သော အကြောင်းအရာများကို ရွေးချယ်ရမည်နည်းဟု မေးရန်မလို အဘယ်အလုပ်မှာမဆို စဉ်းစားဉာဏ် လိုလေသည်။ စဉ်းစားဉာဏ်မလိုသော အဖိုးတန်အလုပ်ဟူ၍ မရှိပေ။ သို့သော်လည်း ဖြောင့်မဖြောင့်၊ မှန်မမှန်ဟူသော တရားလမ်းနှင့်ဆိုင်သော အကြောင်းအရာများကို သာလွန်၍ စဉ်းစားရန်လိုလေသည်။ အကြောင်းမူကား လူအချင်းချင်း ဆက်ဆံခြင်း၌ တရားလမ်းကျစွာ ပြုမူပြောဆိုဖို့၊ သူတစ်ပါး တရားလမ်းမကျလျှင် သိဖို့အရေးသည် ကမ္ဘာပေါ်၌ အကြီးဆုံးသောအရေးဖြစ်လေသည်။ အကြောင်းမူကား အလုပ်ဟူသမျှမှာ လူလူချင်း ပေါင်းသင်းဆက်သွယ်ခြင်းအလုပ်သည် အကြီးဆုံး၊ အခက်ဆုံးသောအလုပ်ဖြစ်လေသည်။

တရားလမ်းကျခြင်းကို မည်သူမဆို လိုလား၏။ မတရားမှုကို မည်သူမဆို မုန်းထားမြဲဖြစ်လေရာ မိမိအပေါ်၌ တစ်စုံတစ်ယောက် တရားကျစွာမပြုကပြောရဲရမည်၊ အရေးယူရမည်၊ မိမိကိုယ်တိုင်က လည်း တရားလမ်းကျဖို့လိုလေသည်။ တစ်စုံ တစ်ယောက် မိမိအပေါ်၌ မတရားအနိုင်ပြုသည့်အခါ ငါခံနေရကောင်းမလား၊ ပြောလိုက်ရင် ငါလွန်မှာလားဟု ဝေဖန်၍နေဖို့မဟုတ်၊ မဟုတ်မခံဟူသော စိတ်ရှိသော တရားသောလူသည် ရဲရင့်စွာ ပြန်၍ပြော၏။ သို့ပြောသည့်အတွက် လူကောင်းသူကောင်းမှန်က ကဲ့ရဲ့မည်မဟုတ်။ ချီးမွမ်းသူက ပိုမို၍ များရမည်ကား ရဲရင့်သူကို မည်သူမဆို လေးစားရသော သဘောတရားအတိုင်းပင် ဖြစ်လေသည်။ ကြောက်သောသူကို မည်သူမျှ လေးစားမည်မဟုတ်။

**လူ့ပြည်၌ ထင်ပေါ်ကျော်ကြား ဂုဏ်သတင်းကြီးမားခြင်းကို မည်သူမဆို လိုလားသော်လည်း အရေးအကြီးဆုံးဖြစ်သော သညာနှင့် စဉ်းစားဉာဏ်ကို ထိထိရောက်ရောက် မသုံးကြချေက စွပ်မိမှ ကြီးပွားဖို့ရှိရာ ထိုသတ္တိများကို တကယ်အသုံးပြုသူမှန်က တကယ်အမှန် ထူးခြားသောအကျိုးကို ခံစားရမည်ဟု ပုံသေစွဲမှတ်ဖို့လို။**



ဆရာကြီး ပီမိုးနင်း (၁၈၈၃–၁၉၄၀)

### ဆရာကြီး ပီမိုးနင်း

ဆရာကြီးပီမိုးနင်းသည် စစ်ကြိုခေတ်ကာလ တစ်လျှောက်လုံးတွင် ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ ပီမိုးနင်းသည် ကာလပေါ်ဝတ္ထုခေတ်ကို ပျိုးထောင်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်သာမက မြန်မာစာပေတွင် လင်္ကာစပ်မနှောသော စကားပြေအရေးအသားမျိုး ခေတ်စားတွင်ကျယ်လာအောင် လမ်းသစ်ထွင်မျိုးစေ့ချခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်သည်။ ဆရာကြီးသည် ခေတ်မီသော အတွေးအခေါ်သစ်များကို မြန်မာစာဖတ် ပရိသတ်အား ဦးစွာမိတ်ဆက်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။

ဆရာကြီးပီမိုးနင်း အမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးကျော်ညွန့်ကို ၁၈၈၃ ခုနှစ်တွင် သုံးဆယ် မြို့ ရွာမရပ်၌ အဖ ဦးရွှေခမ်း၊ အမိ ဒေါ်စိန်နုတို့က ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ မိုးနှင်း ဖြစ်ပြီး ဇာတာအမည်မှာ မောင်ကျော်ညွန့် ဖြစ်သည်။


ဆရာကြီးပီမိုးနင်းသည် ဟံသာဝတီသတင်းစာတိုက်၊ သူရိယသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ပညာအလင်းသတင်းစာတိုက်တို့တွင် လုပ်ကိုင်ခဲ့ပြီး ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အက်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကဝိတံခွန်မဂ္ဂဇင်း၊ ဖြိုတိသျှဘားမားမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ သစ္စာဝါဒီသတင်းစာ၊ ဗန္ဓုလသတင်းစာ၊ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ်တို့တွင် ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားသည်။

ဆရာကြီးသည် 'မောင်ကျော်' ကလောင်အမည်ဖြင့် ရှေးဦးကာလက ထင်ရှားခဲ့ပြီးနောက် 'ပိုက်ဆံကြီး' ဖြင့် ထင်ရှားခဲ့သည်။ နောက်ပိုင်းတွင် ပီမိုးနင်း အမည်ဖြင့် ထင်ရှားသည်။ "ခင်ထား၊ ပင်လယ်ကူးခတ်ပုံ၊ ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်၊ နေရီရီပွဲစားကြီးသားအဖနှင့် မြမြ၊ ဘားမားဒေး၊ နေညိုညို၊ တကိုယ်တော်၊ ချစ်ပန်းနွယ်၊ သဲမြည္ဘာ၊ သင်းတို့အကြံ" ဝတ္ထုများ ရေးသားခဲ့သည့် အပြင် စိတ်ပညာ၊ တက္ကဗေဒ၊ ဒဿနိကဗေဒ၊ တက်ကျမ်းများအပါအဝင် နိုင်ငံရေးရာဆောင်းပါးများ၊ စာပေဆောင်းပါးများ၊ လူမှုရေး ဆောင်းပါးများ၊ အင်္ဂလိပ်ဘာသာသင် အထောက်အကူပြုဆောင်းပါးများ ရေးသားခဲ့သ ည်။

ဆရာကြီးသည် ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း


ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း


မုစလိန္ဒကန်


မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း


ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆



# မန္တလေးတိုင်းဒေသကြီးတွင် ရေတင်စခန်း ၃၃ ခုမှ စိုက်ပျိုးရေဖြင့် နွေသီးနှံစိုက်ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးနေ

**မန္တလေး မေ ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ၏ နွေသီးနှံစိုက်ဧက ၁၄၀၀၀ ကျော်ကို ရေတင်စခန်း ၃၃ ခုမှ စိုက်ပျိုးရေများ ပြည့်ဝစွာသုံးစွဲစိုက်ပျိုးနိုင်ရန် ဖြန့်ဝေပေးပြီး လျာထားဧကပြည့်မီအောင် တောင်သူများအဆင်ပြေစွာ စိုက်ပျိုးနေကြကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ သိရသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❂**

## အငြိမ်းစား မိဘပြည်သူများသို့ အသိပေးပန်ကြားချက်

လက်ရှိအချိန်တွင် Mobile Internet ငွေလွှဲ၊ ငွေပေးဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသဖြင့် အငြိမ်းစားမိဘပြည်သူများအနေဖြင့် မိမိတို့၏ E-Pension Card များ အသုံးပြု၍ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးတင်ပြ အပ်ပါသည်။ ထို့ပြင် Myanmar Mobile Money, MPT Pay, Mytel Pay တို့ကိုအသုံးပြု၍ မိမိတို့နှင့် နီးစပ်ရာ Mobile Agent များထံတွင်လည်း အငြိမ်းစားလစာများကို ထုတ်ယူနိုင်ပါသည်။ အငြိမ်းစားလစာများ လစဉ်ထုတ်ယူရန် သတ်မှတ်ထားသော ၂၁ ရက်နေ့မှ လကုန်ထိရက်များအပြင် အခြားနှစ်သက်ရာနေ့ရက်များတွင်လည်း ထုတ်ယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

## ကြေးမုံ ယနေ့ ဖတ်စရာ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အိန္ဒိယနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုဆေးပစ္စည်းများ ပို့ဆောင်လှူဒါန်း**

စာမျက်နှာ » ၇

**အဖြူကို အနက်ဆိုးကြသူတို့ . . .**

ဆောင်းပါး စာမျက်နှာ » ၁၀

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင် အခြေအနေများ စစ်ဆေးခြင်း**

စာမျက်နှာ » ၁၅

# ကော့ကရိတ်မြို့တွင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီး



**ကော့ကရိတ် မေ ၁၈**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ်အတွင်းရှိ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်နှင့် လူငယ်လူရွယ်များအနေဖြင့် မူးယစ်အန္တရာယ်ကင်းစင်ပြီး အားကစားကဏ္ဍဘက်တွင် ပိုမိုစိတ်ဝင်စားလာစေရန် ရည်ရွယ်၍ ကော့ကရိတ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေဖြင့် ကော့ကရိတ် မြို့မအားကစားကွင်းအတွင်းတွင် ဆောင်ရွက်လျက်ရှိသည့် မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်းလုပ်ငန်းမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးလုံလေလုံအားကစားရုံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✻**

# ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်

**ရန်ကုန် မေ ၁၈**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၁ ခုနှစ် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဘောလုံးအားကစားနည်းနှင့်အတူ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ဘောလုံးပြိုင်ပွဲမှာ ပုံမှန်ပါဝင်သည့် အားကစားနည်းဖြစ်သော်လည်း ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကိုမူ အိမ်ရှင်နိုင်ငံအပေါ်မူတည်၍ ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ လာမည့် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဗီယက်နမ်နိုင်ငံအနေဖြင့် ဘောလုံးအားကစားနည်းတွင် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကိုပါ တစ်ပေါင်းတည်း ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ် ခြောက်ခုအထိ ချီးမြှင့်သွားမည်ဖြစ်သည်။ ဘောလုံး၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲတို့တွင် အမျိုးသား အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ **စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖**

# ၂၀၂၂ ခုနှစ်တွင် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲ ပြန်လည်ကျင်းပရန် စီစဉ်

**ရန်ကုန် မေ ၁၈**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိသည့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသည်။

အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲကို ၁၉၈၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နောက်ပိုင်းတွင် နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သတ်မှတ်ထားသည့်ကာလတွင် ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ အကြိမ် (၂၀)မြောက်အဖြစ် ကျင်းပမည့် အာဆီယံတက္ကသိုလ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့သော်လည်း ယခုနှစ်တွင်လည်း ကျင်းပနိုင်ရန်မဖြစ်နိုင်သဖြင့် လာမည့်နှစ်မှသာ ကျင်းပသွားမည်ဖြစ်သည်။ အိမ်ရှင်နိုင်ငံအဖြစ် ၂၀၂၀ ပြိုင်ပွဲကို **စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍**